WWW.DHAMMARANSI.COM

ရွေးစင်

# ကျောင်းအမကြီးဝိသာခါ

နှင့် အခြားဝတ္ထုများ

- ကျောင်းအမကြီးဝိသာခါဝတ္ထု။
- ကုမာရကဿပမယ်တော်။
- ကုမာရကဿပရဟန္တာဖြစ်။
- အရှင်ဒဗ္ဗမထေရ်ဝတ္ထု။
- အရှင်ဗာဟိရဒါ ရုစီရိယဝတ္ထု။
- ပုဏ္ဏသာတိမင်းကြီးဝတ္ထု။
- ဘဝဝဋ်ကြွေး ပြေး၍မလွတ်။
- သုပ္ပဗုဒ္ဓ လူနူ ဝတ္ထု။

(တတိယအကြိမ်)

(လက်ဆော

အမှတ်စဉ်

သက်သာ ၃ စာစ

၀၉၂

WWW.DHAMMARANSI.COM

## နိရောဓသမာပတ်ဝင်စားလျှင်

စိတ်စေတသိက် စိတ္တဇရုပ်တို့ကို အချိန်ပိုင်းခြား သတ်မှတ်၍ ချုပ်စေပြီး ချမ်းသာမှုကို ခံစားခြင်း။

(နိရောဓသမာပတ် ဝင်စားနေချိန်တွင် အသက်ရှူခြင်းမရှိ၊ ခုနစ်ရက်ဝင်စားလျှင် ခုနစ်ရက်အသက်မရှူ။)

## နိရောဓသမာပတ်ဝင်စားနိုင်သော ပုဂ္ဂိုလ်နှစ်ဦး

(၁) စျာန်ရအနာဂါမ်ပုဂ္ဂိုလ်၊ (၂) စျာန်ရ ရဟန္တာပုဂ္ဂိုလ်

(စျာန်သမာပတ်မရသော အနာဂါမ်ပုဂ္ဂိုလ်နှင့် ရဟန္တာသည် နိရောဓသမာပတ် မဝင်စားနိုင်ပါ၊ သောတာပန်၊ သကဒါဂါမ်နှင့်ပုထုဇဉ်ပုဂ္ဂိုလ်တို့ စျာန်ရသော်လည်း သမာဓိနုသေး၍ မဝင်စားနိုင်ပါ။)

## နတ်တို့နှစ်သက်သောတရားနှစ်ပါး

(ဒေဝဓမ္မတရားနှစ်ပါး)

ဤတရားနှစ်ပါးနှင့်ပြည့်စုံသူကို နတ်တို့နှစ်သက်မြတ်နိုးကြ၏။

(၁) မကောင်းမှု အားလုံးကို ပြုရမှာ ရှက်ခြင်း သဘော (ဟိရိ)

(၂) မကောင်းမှုအားလုံးကို မပြုဝံ့ခြင်း၊ ကြောက်ခြင်း (ဩတ္တပ္ပ) ဟိရိနှင့် ဩတ္တပ္ပ=အရှက်နှင့် အကြောက်တရား နှစ်ပါးသည် နတ်တို့၏ ချစ်မြတ်နိုး သည့် သဘော၊ လောကတစ်ခုလုံး၏ မြတ်နိုးခြင်းခံရ၏။

တတိယအဆုံး

WWW.DHAMMARANSI.COM

# ဈာန်၏ အစိတ်အင်္ဂါများ

ဈာနင်၅ပါး။ ။(၁) ကြံစည်ခြင်း“ဝိတက်”၊ (၂) စဉ်းသားခြင်း“ဝိစာရ”၊ (၃) နှစ်ခြိုက်ခြင်း“ပီတိ”၊ (၄)ချမ်းသာခြင်း“သုခ”၊ (၅) တည်တံ့ခြင်း “ဧကဂ္ဂတာ”တို့ ဖြစ်၏။

## ဈာန်သုံးပါး

(၁) သမထသက်သက် အားထုတ်၍ရသောဈာန်မျိုး။

(၂) ရှေးရှေးက ဆုတောင်း ပတ္တနာခဲ့သည့် အလျောက် “မဂ်”ကိုရ ရောက်သည်နှင့်တပြိုင်နက်ဈာန်သမာပတ်တို့ကိုပါ အပြီးရသောဈာန်မျိုး။

(၃) ကာမဘုံသား ဈာန်ရပုဂ္ဂိုလ် စုတေ၍ ဗြဟ္မာ့ပြည် ရောက်သွားသောအခါ တမင်အားမထုတ်ရပဲ ဗြုန်းကနဲထပ်၍ ရသောဈာန်မျိုး။

(ဈာန်ရပုဂ္ဂိုလ်တို့သည် “ဗြဟ္မာ့ ၂၀ ဘုံ” သို့ ရောက်ရ၏၊ တွင် ယောက်ျားချည်းသာရှိ၏။)

## ဈာန်မျိုးနှစ်ပါး


၁) သမထ ဘာဝနာသက်သက်ဖြင့် ပထဝီကသိုဏ်းစသည်ဖြင့် သမာပတ်ရှစ်ပါးအထိ ရယူသောဈာန် (အာရမ္မဏူပ နိဇ္ဈာနဈာန်။)

၂) ဝိပဿနာဖြင့် မဂ်ဖိုလ်အထိ ရယူသောဈာန်(လက္ခဏူပ နိဇ္ဈာနဈာန်။)

WWW.DHAMMARANSI.COM

ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု

နိုင်ငံတော်၏အဓိကအင်အားစုများဖြစ်ကြသည့်
အလုပ်သမား တောင်သူ လယ်သမား
ကျောင်းသားလူငယ်များမှစ၍
တိုင်းရင်းသား လုပ်သား ပြည်သူတို့
ဖတ်ရှုနိုင်ရန်
ဗ. လွယ်ဆုံး-အရှင်းဆုံးရေးသား၍
ဈေးနှုန်း အသက်သာဆုံးဖြင့်
ကြည်ညိုသဒ္ဓါပွားများကြစေရန်
ရည်သန်ထုတ်ဝေပါသည်။



ဣဝိသယအကြို့မ်

၁၉၅၆

WWW.DHAMMARANSI.COM

သက်သာစာစဉ် အမှတ် (၃)

# ကျောင်းအမကြီး ဝိသာခါ

နှင့်

အခြားဝတ္ထုများ

လက်ရွေးစင် **ဓမ္မပဒ** ဝတ္ထုတော်

နတ် လူ သာဓု ခေါ်စေသော်—

ဤကောင်းမှုကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် လျင်မြန်ထိုးဖောက် သိမြင်ပြီး နိဗ္ဗာန်ပြည်မြတ်သို့ ကူးမြောက်နိုင်ပါစေသတည်း။

ဦးလှခင်(ဆောင်းညွန့်ဦး) စီစဉ်ရေးသားသည်။

တအုပ် ၃/-

သက်သာ စာစဉ်

1 ၁.၀/၈၂ [တတိယအကြိမ်]

WWW.DHAMMARANSI.COM

လောကုတ္တရာအကျိုး

သက်ဖွေးစင် **ဓမ္မပဒ** ဝတ္ထုတော်

## ဗုဒ္ဓစာပေ ဖတ်ရှုလေ့တိုင်း ရမြဲမသွေ ကောင်းမှုတွေကား

၁။ ရတနာသုံးပါး၌ အတိုင်းမသိ ကိုင်းရှိုင်းရိုသေခြင်း၊

၂။ သဒ္ဓါတရားကြီးထွားခြင်း၊

၃။ သတိအားကောင်းခြင်း၊

၄။ ပညာဉာဏ် ပြန့်ပြောခြင်း၊

၅။ ကောင်းမှု တိုးပွားခြင်း၊

၆။ ပီတိပါမောဇ္ဇ အားကြီးခြင်း၊

၇။ အကြောက်အလန့် ကင်းစင်ခြင်း၊

၈။ ဆင်းရဲကို ခံနိုင်ရည်ရှိခြင်း၊

၉။ လူ့သဘာဝ စရိုက်ဆိုးများ ပယ်ဖျောက်၍ စရိုက်ကောင်းများ ဖော်ဆောင်နိုင်ခြင်း၊

၁၀။ ဖတ်ရှုနေစဉ်အတွင်း ရတနာသုံးပါးအာရုံဖြင့် တမုဟုတ်မျှ ကင်းကွာမှုမရှိခြင်း၊

၁၁။ ထိုထိုသော ပုဂ္ဂိုလ်တူးတို့ ရရှိအပ်သော ဒါနအကျိုး၊ သီလအကျိုး၊ ဘာဝနာအကျိုးတို့ကို ရရှိခံစားလိုသော စိတ်ဓာတ်များ ဖြစ်ပေါ်လာပြီး၊ မကောင်းမှုများကို ကြဉ်ရှောင်၊ ကောင်းမှု ကောင်းကျိုးကို ဆောင်လိုစိတ်များ ပေါ်ပေါက်ခြင်း၊

၁၂။ ထိုထိုပုဂ္ဂိုလ်တို့ကဲ့သို့ ကျင့်ကြံလိုစိတ် ပွားများလာပြီး သံသရာလမ်းမှ နိဗ္ဗာန်စခန်းသို့ ရည်သန်ကျင့်ကြံလိုသော သဒ္ဓါတရား ပေါ်လာနိုင်ခြင်း။

(ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပထမတွဲ)

[illegible]

WWW.DHAMMARANSI.COM

လောကီအကျိုး

(လက်ရွေးစင်) ဓမ္မပဒ (ဝတ္ထုတော်)

# ဤစာအုပ်ကို ဖတ်ခြင်းဖြင့်-

ရရှိလာမည့် မျက်မှောက် လောကီ အကျိုးထူးများ

၁။ စာဖတ်ရှိန်နှုန်း .... မြင့်မားလာကြမည်။
၂။ စာဖတ်လိုစိတ် .... ပွားများလာကြမည်။
၃။ ဗဟုသုတ .... တိုးပွားမည်။
၄။ အတွေးအခေါ် .... တိုးတက်မြင့်မားလာမည်။
၅။ စိတ်ဓာတ် .... ကြံ့ခိုင်မြင့်မားလာမည်။
၆။ လူကိုလူချင်း .... ခွင့်လွှတ်သည်းခံနိုင်မည်။
၇။ လူသားချင်းချင်း .... မေတ္တာတရားထားလာနိုင်မည်။
၈။ လူသားချင်းအပေါ် .... သဒ္ဓါတရားတိုးပွားလာမည်။
၉။ ကိုယ်ကျင့်တရား .... တိုးတက်လာမည်။
၁၀။ ထက်ြွလုံ့လ .... ရှိလာကြမည်။
၁၁။ သူတပါးကို .... ကူညီလိုစိတ်တိုးပွားမည်။
၁၂။ မိမိကိုယ်ကို .... အားကိုးစိတ်တိုးပွားမည်။

ဤသို့လျှင် အမိုးမဖြတ်နိုင်သောစာအုပ်ဖြစ်ပါသည်။

တတိယအကြိမ်

WWW.DHAMMARANSI.COM

# ဓမ္မပဒဟူသည်ကား

ဗုဒ္ဓဘာသာတို့၏''အခြေခံတရား''အခြေခံကျင့်စဉ်။

''တရားညွန့်ပေါင်းကျမ်း''ဟူ၍ အဓိပ္ပာယ်ရပါသည်။

ရှင်တော်ဘုရားသည် ကျွတ်ထိုက်သူတို့အား ဟောကြားတော်မူ၍ ကျွတ်တန်းဝင်စေနိုင်သော (တရားအဆီအနှစ်) များပင် ဖြစ်သည်။ ဇွဲလုံ့လ ဝီရိယဖြင့် အားထုတ်ပါက မဂ်ဖိုလ်ခရီးကို ဆိုက်ရောက်နိုင်သော တရားတော်များဖြစ်သည်။

## ဓမ္မပဒ ဝတ္ထုတော်များကား

ရှင်တော်ဘုရား သက်တော်ထင်ရှား(၄၅)ဝါအတွင်း တကယ့် အဖြစ်အပျက်များပင် ဖြစ်ပါသည်။

## ဓမ္မပဒကျမ်းကြီး

လူမျိုးမရွေး ဘာသာမရွေး လက်ခံကျင့်သုံးနိုင်သော လမ်းညွှန်ချက်များ များစွာပါရှိသည်။

ထို့ကြောင့်ပင် အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်၊ ဂျာမနီ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်ဘာသာများသို့ ကမ္ဘာ့နိုင်ငံအသီးသီးက ဘာသာပြန်ဆိုကြသည်။

တိုင်းရင်းသား ပိုးကရင်စာပေဖြင့် လွန်ခဲ့သော နှစ်ပေါင်းနှစ်ရာခန့်ကပင် ဓမ္မပဒကျမ်းကို ပြုစုထားခဲ့ကြသည်။

ဤမျှ လူမျိုးမရွေး ဘာသာမရွေး ဖတ်ရှုသင့်သော ဓမ္မပဒဝတ္ထုတော်များကို ကျေးရွာအနှံ့ တောင်သူလယ်သမား တိုင်းရင်းသား လုပ်သားပြည်သူတို့ လက်ဝယ်သို့ ရောက်စေလိုသဖြင့် (သက်သာစာစဉ်များ) အဖြစ် တအုပ်လျှင် ၃ ကျပ်နှုန်းနှင့် စီစဉ်ထုတ်ဝေခြင်း ပြုရပါကြောင်း။

တတိယအကြိမ်

WWW.DHAMMARANSI.COM

## ဓမ္မပဒ လက်ရွေးစင် အမှတ်(၃)

## ကျောင်းအမကြီး ဝိသာခါနှင့် အခြားဝတ္ထုများ

## နိဒါန်း

"ဓမ္မပဒ လက်ရွေးစင်များ"သည် အမှတ် ၃ သို့ ရောက်ခဲ့ပါပြီ။

အမှတ်(၁) ဒါနဝတ္ထုများတွင် လယ်စာရင်းငှား ဘဝမှ နေ့ချင်းသဌေးကြီးဖြစ်ခဲ့သော ပုဏ္ဏသဌေးကြီးဝတ္ထုနှင့် (ဆက်နွယ်ရာ)ဥတ္တရာ- သီရိမာတို့၏ ဝတ္ထုများ။

အမှတ်(၂)အံ့ချီးဖွယ်ရာအလှူတော်ကြီးများတွင်ဇောတိက၊ ဇဋိလ၊မေဏ္ဍက၊ ကာကဝလ္လိယတို့၏ အံ့သြဖွယ်ရာ ဝတ္ထုများနှင့် ဆက်စပ်၍ ယခုအမှတ်(၃)တွင် မေဏ္ဍက သဌေးကြီး၏ မြေး ဝိသာခါကျောင်းအမကြီး၏ ဝတ္ထုတို့ကို ဖော်ပြထားပါသည်။

ဝိသာခါဝတ္ထုတွင်မှတ်သားဖွယ်ရာအပြည့်ပါရှိသလို ကုမာရကဿပမယ်တော်ဝတ္ထုတွင်နိဂြောဓသမင်မင်းဝတ္ထုပါတွဲဖက်ပါရှိပါသည်။ အရှင်ကုမာရကဿပရဟန္တာဖြစ်ဝတ္ထုတွင် ဗဟုသုတ မြင့်မားစေလိုသော စေတနာဖြင့် တရားအားထုတ်နည်း ဖြစ်သော ပြဿနာ ၁၅ ချက်ကို ဖြေရှင်းဖော်ပြထားခဲ့ပါသည်။

တဖန် အရှင်ကုမာရကဿပနှင့် ဆက်စပ်သော ဧတဒဂ်အရှင် ဒဗ္ဗ၊အရှင်ဗာဟိယဒါရုစီရိယမထေရ်နှင့် ပုက္ကုသာတိမင်းတို့သည် ဆက်နွယ်သော ဝတ္ထုများဖြစ်ပါကြောင်း။

တာတိယအကြိမ်

WWW.DHAMMARANSI.COM

ဘာသာရေး ခွင့်ပြုချက် အမှတ် (၀၆၅၇)
မျက်နှာဖုံး ခွင့်ပြုချက် အမှတ် (၀၇၂၂)

ပထမအကြိမ်-၁၉၇၁၊ ဖေဖော်ဝါရီလ။
ဒုတိယအကြိမ်-၁၉၇၁၊ နိုဝင်ဘာလ။
တတိယအကြိမ်-၁၉၇၂၊ အောက်တိုဘာလ။

အုပ်ရေ-၃၅၀၀

ဈေးနှုန်း-၃ ကျပ်

ဝန္ဒနာနှင့် ဆုပန်လွှာ
ပဋ္ဌာဂုဏံ အဟံဝန္ဒာမိ သဗ္ဗဒါ

သုံးပါးရတနာ၊ မြတ်ဆရာနှင့်၊ နှစ်ဖြာ မိဘ၊ များလှကျေးဇူး၊ ဂုဏ်အထူးကို၊ ကြည်နူးသဒ္ဓါ၊ ဝန္ဒနာဖြင့်၊ ဦးစွာရိုကျိုး၊ ကျွန် ရှိခိုး၏။

ထို့ပြင်တဝ—ဖတ်ရမှတ်ရ၊ ကြားနာရသည့်၊ သုတဖြာဖြာ၊ ဆည်းပူးရာသား၊ ဆရာများပါ၊ ဝတ်တွားဝန္ဒာ ရှိခိုးကာလျှင်၊ ဤစာကျမ်းမြတ်၊ ပြုစုအပ်သည်၊ နိဗ္ဗာန် ပြည်မြတ် ရည်သတည်း။

ထုတ်ဝေသူ။ ။ဦးဘသောင်း (၀၆၀၀ မြဲ) စေတနာစာပေတိုက် အမှတ် ၂၁-၂၅၆၊ ရန်ကင်းမြို့နယ်။

ပုံနှိပ်သူ။ ။ဦးလှခင် (၀၁၀၂၀ မြဲ) ဆန်းညွှန့်ဦး ပုံနှိပ်တိုက် အမှတ် ၁၃၅၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

WWW.DHAMMARANSI.COM

ကျောင်းဒကာကြီး

# ဝိသာခါဝတ္ထု




တတိယအကြိမ်

WWW.DHAMMARANSI.COM

## ကျောင်းအမကြီး ဝိသာခါဝတ္ထု

လိမ်မာသော ပန်းသည်သည်
ပန်းစုပန်းပုံတို့မှ ကောင်းမြတ်သော ပန်းတို့ကို
ရွေးချယ်သီကုံးသကဲ့သို့၊
သတ္တဝါများသည်
မိမိဥစ္စာအစုထဲမှ
ဒါနပန်းကုံးတို့ကို သီကုံးပြုလုပ်သင့်လှ၏။

ဤဒေသနာတော်ကို သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းတော်ကြီး၌ ကျောင်းအမကြီး ဝိသာခါကို အကြောင်းပြု၍ ဟောတော်မူသည်။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းနှင့် သာဝတ္ထိပြည် ပသေနဒီကောသလမင်းတို့သည် အချင်းချင်း အပြန်အလှန် ယောက်ဖတော်များဖြစ်ကြ၍ နှစ်ပြည်ွတပြည် ရွှေလမ်းငွေလမ်းပေါက်၍နေကြ၏။

ဗိမ္ဗိသာရမင်းကြီး နိုင်ငံတော်၌ ဇောတိကသူဌေး၊ ဇဋိလသူဌေး၊ မေဏ္ဍကသူဌေး၊ ပုဏ္ဏသူဌေး၊ ကာကဝလ္လိယသူဌေးဟူ၍ အလွန့်အလွန်ကြွယ်ဝကြသော သူဌေးကြီးငါးဦး ရှိကြ၏။

မေဏ္ဍကသူဌေးသည် ရာဇဂြိုဟ်ပြည် အင်္ဂတိုင်း ဘဒ္ဒိယမြို့တွင်နေထိုင်၍ မေဏ္ဍကသူဌေးနှင့်တကွ ဆုထူးပန်ဆင်သူ ငါးဦး ရှိကြ၏။

WWW.DHAMMARANSI.COM


(၁) မေဏ္ဍကသူဌေး၊
(၂) သူဌေးကတော် စန္ဒပဒုမ၊
(၃) သား ဓနဥ္စယ၊
(၄) ချွေးမ သုမနဒေဝီ၊
(၅) ကျွန် ပုဏ္ဏတို့ ဖြစ်ကြ၏။

ဓနဥ္စယသူဌေးနှင့် သုမနသူဌေးကတော်တို့မှ ဘုန်းရှင်ကံရှင် ဝိသာခါသတို့သမီးကို ဖွားမြင်၏။ ဝိသာခါ ခုနစ်နှစ်သမီးအရွယ် ရောက်လျှင် မြတ်စွာဘုရားသခင်သည် ဘဒ္ဒိယမြို့သို့ ဒေသစာရီ ကြွချီတော်မူလာ၏။

မေဏ္ဍကသူဌေးကြီးနှင့် ဆုတူးပန်ငါးဦးစလုံး သောတာပန် ဖြစ်ကြသည့်အပြင် မြေးဖြစ်သူ ဝိသာခါသည်လည်း ဘဝများ စွာ သံသရာက ပါရမီဓာတ်ခံ နှီးဆော်ဖန်သည့် အလျောက် မြတ်စွာဘုရားသခင်၌ များစွာကြည်ညိုခြင်းဖြင့် တရားတော်ကို နာကြားရသည်နှင့် သောတာပတ္တိဖိုလ်၌ တည်လေ၏။

## သာကေတမြို့သစ် အကြောင်း

သာဝတ္ထိပြည် ကောသလမင်းကြီးသည် မိမိ၏နိုင်ငံ၌ သူဌေး ကြီးတဦးမျှမရှိသဖြင့် ယောက်ဖတော်ရာဇဂြိုဟ်ဘုရင် ဗိမ္ဗိသာရ ထံ သူဌေးတယောက်ပေးပါဟု တောင်း၏။

ဗိမ္ဗိသာရမင်းက "ဇောတိက အစရှိသော သူဌေးတို့တွင် များစွာသော အခြံအရံ ပစ္စည်းဥစ္စာတို့ ရှိကြသည်ဖြစ်၍ သင်၏ နိုင်ငံသို့ ပြောင်းရွှေ့ရန်မှာ မလွယ်ကူပါ"ဟု ဆို၏။

"သူဌေးတယောက်မျှ မရလျှင် ငါမပြန်"ဟု ဆိုပြန်၏။

ဗိမ္ဗိသာရမင်းသည် မှူးမတ်တို့နှင့် တိုင်ပင်ပြန်၏။

WWW.DHAMMARANSI.COM


မေဏ္ဍကသဌေး၏သား ဓနဉ္စယက "အရှင်မင်းမြတ် လိုက်စေလိုသည်ရှိသော် လိုက်ပါအံ့" ဟုဝန်ခံ၏။ ပစ္စည်းဥစ္စာဘဏ္ဍာကျိုကြတို့ကို ရွှေ့ပြောင်းရန်ပြင်ဆင်ပြီးသော် ပသေနဒီကောသလမင်းနှင့်အတူလိုက်၏။

လမ်းခရီးတွင် ညဥ့်အချိန်ရောက်၍ အေးချမ်းသာယာသောနေရာဟခုတွင်စခန်းချနေရာ ဓနဉ္စယသဌေးက "ဤနေရာသည် မင်းကြီး၏ပိုင်ဆိုင်ရာဖြစ်လေသလော" ဟုမေး၏။ ဟုတ်ကြောင်းပြောလျှင် "သာဝတ္ထိနှင့် မည်မျှဝေးကွာပါသနည်း" ဟု မေး၏။ ခုနစ်ယူဇနာမျှလောက် ဝေးကွာကြောင်းပြော၏။

ဓနဉ္စယသဌေးက "အရှင်မင်းကြီး ခွင့်ပြုခဲ့ပါလျှင် ဤမြေချမ်းသာသောအရပ်၌ မြို့သစ်တည်၍နေလိုပါသည်၊ အကျွန်ုပ်တွင် အခြံအရံအလုပ်အကျွေးဖြစ်သော လူပရိသတ်မှာ အလွန်အင်အား ကြီးကျယ် များပြားပါသည်၊ အရှင်၏ မြို့တွင်း၌နေရာ ကျဉ်းမြောင်းသည် ဖြစ်ပါသည်" ဟု တောင်းပန်လျှောက်ထား၏။

မင်းကြီးက "ကောင်းလှပါပြီ" ဟု ခွင့်ပြု၍ ထိုအရပ်၌ပင် မြို့သစ်ကို တည်ထောင်ပေးပြီး သာဝတ္ထိပြည်သို့ ပြန်ကြလေ၏။ ထိုမြို့ကို သာကေတမြို့သစ်ဟူ၍ ခေါ်ဝေါ်သမုတ်ကြ၏။

သဌေးသား ပုဏ္ဏဝဍ္ဎန၏ ဖူးစာရှင်

သာဝတ္ထိပြည်မှ မိဂါရသဌေးကြီး၏ သားဖြစ်သူ ပုဏ္ဏဝဍ္ဎနသတို့သား အရွယ်ရောက်လာသဖြင့် အိမ်ထောင် ချထားရန်တိုင်ပင်၏။

သတို့သားက အိမ်ထောင်ပြုရန်အတန်တန် ငြင်းဆို၏။

ဖခင်သဌေးကြီးက-

WWW.DHAMMARANSI.COM


"ငါ့သား သင်အိမ်ထောင် မပြုလျှင် ငါတို့တွင် အမွေဆက်ခံသူ ကင်းပြတ်တော့မည်"ဟု ဆို၏။

ထိုအခါ သဌေးသားက-

"ဖခင် ကောင်းခြင်းငါးဖြာဖြင့် ပြည့်စုံသော သတို့သမီးကို ရလျှင် အိမ်ထောင်ပြုအံ့"ဟု ဆို၏။

ဖခင်သဌေးက ကောင်းခြင်းငါးဖြာဟူသည်ကား အဘယ်နည်းဟု မေးလျှင်-

သဌေးသားက (၁)ဆံပင်၏ကောင်းခြင်း၊ (၂)အသား၏ကောင်းခြင်း၊ (၃)အရိုး၏ကောင်းခြင်း၊ (၄)အရေ၏ကောင်းခြင်း၊ (၅)အရွယ်၏ကောင်းခြင်းတို့ဖြစ်ပါသည်။

ထိုငါးပါးတို့တွင်-

၁။ ဆံပင်ကောင်းခြင်းဆိုသည်မှာ- ဆံပင်သည် ဥဒေါင်းမြီးကို စည်းနှောင်၍ထားသကဲ့သို့ ညီညွတ်ခြင်း၊ ဆံပင်၏အရောင်အဆင်း သန့်ရှင်း တောက်ပလျက် မည်းနက်ခြင်း၊ ထွေးယှက်လိမ်ကောက်မရှိခြင်း၊ ပကတိအားဖြင့် ဆံပင်တို့သည်ရနံ့သင်းပျံ့ခြင်း၊ ဆံပင်ကိုဖြေ၍ချသည်ရှိသော်ခြေဖနောင့်အထိ ရှည်လျား၍ မြေသို့မထိပဲ သားလိုးမားကဲ့သို့ ကော့ညွတ်၍ တက်ခြင်းတို့သည် ဆံပင်၏ကောင်းခြင်းများဖြစ်ပါသည်။

၂။ အသား၏ကောင်းခြင်းဆိုသည်မှာ-ဆေးမဆိုးပဲ နီမြန်းသောနှုတ်ခမ်းရှိခြင်း၊ အထက်အောက်နှုတ်ခမ်းတို့သည် ကောင်းစွာစေ့စပ်သည်ဖြစ်၍ ထိ၍နေခြင်း၊ လက်ဖဝါး ခြေဖဝါးသည် ချိပ်ရည်ဖြင့်တည်သကဲ့သို့ နီမြန်း၍နေခြင်းတို့သည်ကား အသား၏ ကောင်းခြင်းဖြစ်ပါသည်။

၃။ အရိုး၏ကောင်းခြင်းဆိုသည်မှာ- သွားတို့သည် မခေါ



ပုဒ်ဂုရ

WWW.DHAMMARANSI.COM


မပေါ်၊ မစိတ်မကျဲ ပုလဲကိုစီထားသကဲ့သို့ ရှိခြင်း၊ အနိမ့်အမြင့် မရှိ၊ ပကတိညီညွတ်ခြင်း၊ အရိုးအဆစ်တို့သည်မခေါမထပြေပြစ် ချောမွေ့ခြင်းတို့သည် အရိုး၏ ကောင်းမွန်ခြင်းဖြစ်ပါသည်။

၄။ အရေ၏ကောင်းခြင်းဆိုသည်မှာ - မည်းသော ညိုသော အဆင်းရှိသော အမျိုးသမီးတွင် မည်းသည် ညိုသည် ဖြစ်စေ၊ မတွန့်မလိပ်သော ကိုယ်ရေရှိခြင်း၊ ချောမောပြေပြစ်ခြင်း၊ ကြာ ညိုပွင့်နှင့်တူသောအဆင်းရှိခြင်း၊ ဝါသော အဆင်းရှိသောမိန်းမ အား မဟာလှေကားပွင့်ကဲ့သို့ ဝင်းဝင်းတောက်ပခြင်းတို့သည် အရေ၏ ကောင်းခြင်းဖြစ်ပါသည်။

၅။ အရွယ်၏ ကောင်းခြင်းဆိုသည်မှာ - သားဆယ်ယောက် ပင် ဖွားမြင်သော်လည်း သားတကြိမ်သာ ဖွားသူကဲ့သို့ အရေ အဆင်း ယုတ်လျော့ပျက်စီးခြင်း မရှိခြင်းတို့သည် အရွယ်၏ ကောင်းခြင်းများဖြစ်ပါသည်ဟု ရှင်းလင်းပြောပြ၏။

မိဂါရသေဋ္ဌေးနှင့် သဋ္ဌေးကတော်တို့သည် သား၏လိုအင်ဆန္ဒ အတိုင်း ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသော သတို့သမီးကို ရှာဖွေရန် ရိက္ခာဥစ္စာတို့နှင့်တကွ အဖိုးတသိန်း ထိုက်သော ရွှေ ပန်းခိုင်ကို သတို့သမီး ဆင်မြန်းရန် လိမ္မာ ကျွမ်းကျင်သော ပုဏ္ဏားရှစ်ယောက်တို့အား အပ်၍ ရှာဖွေစေ၏။

ပုဏ္ဏားရှစ်ယောက်တို့သည် မြို့ကြီးပြကြီးများသို့ လှည့်လည် ရှာဖွေပါသော်လည်း ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသော သတို့သမီးငယ်ကို ရှာဖွေ၍ မရခဲ့ပေ။

ဝိသာခါနှင့် နက္ခတ်ပွဲသဘင်

ပုဏ္ဏား ရှစ်ယောက်တို့သည် သာကေတမြို့သို့ ဆိုက်ရောက် သည်ရှိသော် ဝိဝဋ္ဌနက္ခတ်ပွဲသဘင်နှင့် ကြုံကြိုက်နေ၏။

WWW.DHAMMARANSI.COM


ထိုနက္ခတ်ပွဲသဘင်နေ့သို့ ရောက်လျှင် အမျိုးသမီးတို့သည် အခြံအရံနှင့်တကွ ခြေလျင်ခရီးဖြင့် မြစ်ကမ်းဆိပ်သို့ သွားကြ၏။

မင်းပုဏ္ဏားသူကြွယ်တို့၏ သားတို့သည်လည်း အမျိုးတူသော အမျိုးသမီးတို့ကို စီစစ် ရွေးချယ်၍ ပန်းကုံးဖြင့် ပစ်ချ ရွေးကောက်ရန် စောင့်စားနေကြ၏။

ပုဏ္ဏားတို့သည် မြစ်ကမ်းမှဇရပ်တခုတွင် တည်းခိုနေကြ၏။

ထိုအချိန်တွင် ဝိသာခါသဋ္ဌေးသမီးသည် တဆယ့်ငါးနှစ်၊ တဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်နေပြီဖြစ်၍ အခြံအရံငါးရာမျှဖြင့် ရေချိုးဆိပ်သို့ ဆင်းခဲ့၏။

ဇရပ်အနီးသို့ရောက်လျှင် မိုးကြီးသည်းထန်စွာ ရွာချလိုက်ရာ အခြံအရံငါးရာတို့သည် မိုးလွတ်ရန် အပြေးအလွှား လာကြ၍ ဇရပ်တွင် ခိုဝင်ကြ၏။

ဝိသာခါ သတို့သမီးသည် မိုးသည်းထန်စွာ ရွာသော်လည်း ပြေးလွှားခြင်းမပြု၊ ပကတိခြေလှမ်းဖြင့်သာ လာသည်ကို ပုဏ္ဏားတို့မြင်ကြ၏။

ဝိသာခါ၏ အဝတ်တန်ဆာတို့သည် စိုရွဲကုန်၏။

ပုဏ္ဏားတို့သည် ဝိသာခါသတို့သမီးကို မြင်လျှင် လေးပါးသော ကောင်းခြင်းတို့ဖြင့် ပြည့်စုံပေ၏။သွား၏ကောင်းခြင်းကို သိမြင်ရန်ဟု စကားစကို ရှာကြံပြောဆိုကြ၏။

"ဤအမျိုးသမီးသည် ဤအတိုင်းသာ ဆိုလျှင် သူ၏ လင်ယောကျ်ားအတွက် ထမင်းရည်မျှသောက်စရာကျန်မည်မဟုတ်" ဟု ကဲ့ရဲ့ပြောဆိုကြ၏။

ဝိသာခါသတို့သမီး ကြားလေလျှင်-

WWW.DHAMMARANSI.COM



"အသင်တို့ မည်သူ့ကိုရည်ရွယ်ပြောဆိုသနည်း"ဟု မေး၏။ သွား၏ ကောင်းခြင်းကို မြင်ကြရ၏။

ဝိသာခါ၏အသံသည် အလွန်သာယာ၏။

ပုဏ္ဏားတို့က "သင်၏ အဖော်တို့သည် အဖိုးတန်လှသော အဝတ်တို့ကို မိုးမစိုစေရန် အပြေးအလွှားမိုးခိုကြ၏၊ သင်သည်ကား အဖိုးတန် အဝတ်အထည်တို့ကို မငဲ့ကွက်၊ ဇရပ်သို့လျင်မြန်စွာလာခြင်းမရှိသည်ကို ရည်ရွယ်၍ သင့်ကိုပြောဆိုကြပါသည်" ဟု ဆို၏။

ဝိသာခါက-

"အဖေတို့၊ ကျွန်တော်မသည် ထိုမိန်းမတို့ထက် ခွန်အားကြီး၏၊ လျင်မြန်စွာ ပြေးသွားနိုင်၏၊ သို့သော် ဤလောက၌ လေးဦး ကုန်သော သူတို့သည် လျင်မြန်စွာ သွားလာခြင်းဖြင့် မတင့်တယ်ဟု ဆိုပါသည်"ဟုပြောလျှင် ပုဏ္ဏားတို့ကအကြောင်းစုံကို ရှင်းပြပါဟု တောင်းပန်ကြ၏။

## ပြေး၍ မတင့်တယ်သူကလေး

၁။ အဘိသိက် သွန်းအပ်ပြီးသော မင်းသည် မင်းမြောက်တန်ဆာကို ဝတ်စားဆင်ယင်ပြီးသော် ခါးတောင်းအောက်ပိုးကျိုက်၍ မင်းရင်ပြင်၌ လျင်မြန်စွာသွားသော် မတင့်တယ်ပါ၊ ရှုံ့ချခြင်းခံရတတ်ပါသည်။

၂။ မင်္ဂလာဆင်ဘော်သည်တန်ဆာဆင်ယင်လျက် လျင်မြန်စွာသွားခြင်းသည် မတင့်တယ်ပါ။

၃။ ရဟန်းတော် အရှင်မြတ်တို့သည်လည်း လျင်မြန် ပြေးလွှားသွားခြင်းငှာ မတင့်တယ်ပါ။

WWW.DHAMMARANSI.COM



၄။ မိန်းမတို့သည် လျင်မြန်စွာ ပြေးလွှား သွားခြင်းမှာ မတင့်တယ်ပါ။

ကျွန်ုဘဘာ်မသည် လျင်မြန်ပြေးလွှားမသွားခြင်းမှာ အခြား အကြောင်းတခု ရှိပါသေးသည်။

မိခင် ဖခင်တို့သည် မိမိတို့၏သမီးငယ်ကို လှပတင့်တယ်ရှုချင် ဖွယ် ဖြစ်အောင် မွေးမြူကြပါသည်။ ပိုး၊ ယင်၊ ခြင်၊ မှက်၊ မကိုက် ရအောင် စောင့်ရှောက်ခဲ့ကြပါသည်။ အနာ ဒဏ်ရာ အမာရွတ် မဖြစ်ပေါ်လေရအောင် စောင့်ရှောက်မွေးမြူခဲ့ကြပါသည်။

ဤသို့ မိဘတို့ ဂရုတစိုက် မွေးမြူခဲ့ကြရပြီး လျင်မြန်စွာ ပြေး လွှား သွားခြင်းဖြင့် လဲပြိုခဲ့၍ ခြေလက်အင်္ဂါကျိုးပျက်ခဲ့ပါလျှင် ဆွေမျိုး မိဘတို့၏ စိတ်နှလုံး ညှိုးငယ်ပူပန်ရပေမည်။ ဤအဝတ် တန်ဆာတို့ကို မိုးစိုလျှင် မကြာမီ ခြောက်သွေ့နိုင်ပေမည်။

ဤသို့သောအကြောင်းကြောင့်လည်း လျင်မြန်စွာပြေးလွှား ခိုဝင်ခြင်း မပြုသည်သာ ဖြစ်ပါသည်ဟု ရှင်းပြ၏။

ပုဏ္ဏားတို့လည်း သတို့သမီးငယ် ပြောဆိုသည်ကို စေ့စပ်စွာ ကြည့်ရှုကြပြီး သွား၏ကောင်းခြင်းကို လည်းကောင်း၊ အသံ၏ သာယာခြင်းကို လည်းကောင်း မြင်ကြရပြီး (ဤသတို့သမီး ငယ်သည် ကောင်းခြင်း ငါးဖြာနှင့်လည်း ပြည့်စုံ၏။ ပညာဉာဏ် လည်း ကြီးမား၏) ဟုအချင်းချင်းတိုင်ပင်၍ သတို့သမီးငယ်အား အပိုး တသိန်း ထိုက်သော ရွှေပန်းခိုင်ကို ပေးအပ် ဆောင်နှင်း ကုန်၏။

## ခြိမ့်ခြိမ့် သည်းသည်း မင်္ဂလာပွဲ

ဝိသာခါကာရွှေပန်းခိုင်ကိုမြင်လျှင် "ဖခင်တို့သည်အဘယ်မြို့က ပါနည်း" ဟုမေး၍သာဝတ္ထိပြည်မှဖြစ်ကြောင်းသိလျှင် "ဖခင်တို့

WWW.DHAMMARANSI.COM


သဌေးမျိုးသည် အဘယ်အမည် ရှိပါသနည်း''ဟု မေးပြန်၏။ 'မိဂါရ'သဌေး ဖြစ်ပါသည်ဟု ဖြေ၏။

''သဌေး၏သားသည် အဘယ်သို့ အမည်ရှိပါသနည်း''

''ပုဏ္ဏဝဍ္ဎန သတို့သား ဖြစ်ပါသည်''ဟု ပြော၏။

ဝိသာခါလည်း မိမိတို့နှင့် ဇာတ်တူသောအမျိုး ဖြစ်သည်ကို သိရသဖြင့် ရွှေပန်းခိုင်ကို သိမ်းပိုက်ခံယူ ပန်ဆင်လိုက်၏။

ဖခင်ဖြစ်သော ဓနဉ္စယ သဌေးကြီးအား သတင်း စကား မှာကြားစေလွှတ်၍ ရထားတို့ကို မှာကြား၏။သဌေးကြီးသည် ငါးရာသော ရထားတို့ကို ပို့လွှတ်လိုက်၏။

ဝိသာခါသည် အခြံအရံတို့နှင့်တကွ ရထားကိုစီး၍ ပုဏ္ဏား တို့ကိုပါ ခေါ်ဆောင်သွား၏။

ဓနဉ္စယသဌေးကြီးသည် ပုဏ္ဏားတို့နှင့် မေးမြန်း ပြောဆိုပြီး သော်''မိဂါရသဌေးသည် ကုဋေ လေးဆယ်မျှသာ ကြွယ်ဝ၏။ ထိုဥစ္စာတို့သည် ငါတို့နှင့်စာသော် တချင်ရွေးမျှလောက်သာ ရှိချေသည်။

သို့သော် ငါတို့သမီး လက်ခံခဲ့သည်ကို ငါတို့ သဘောတူ သည်''ဟု ပြောဆိုပြီးသော် ပုဏ္ဏားတို့အား ကြီးစွာ ညှော်ဝတ် ပြုစေပြီး နှစ်ရက် သုံးရက်ကြာလျှင် ပြန်လွှတ်လိုက်၏။

သာဝတ္ထိပြည်သို့ ပုဏ္ဏားတို့ပြန်ရောက်လေလျှင် မိဂါရသဌေး သည် အကြောင်းစုံကို သိရပြီး အလွန် ကြီးကျယ် မြင့်မြတ်လှ သော သဌေးကြီး၏သမီးကို ရသဖြင့် အလျှင်အမြန်သွားရောက် ဆောင်ကြဉ်းရန် အပွှက် ပသေနဒီကောသလမင်းကြီးထံ အခွင့် တောင်း၏။

WWW.DHAMMARANSI.COM


ကောသလမင်းကြီးက အလွန်ကြီးကျယ်လှသော ဓနဉ္စယ သူဌေးကို ဗိမ္ဗိသာရမင်းကြီး ထံမှ တောင်းယူခဲ့ပြီး ငါ၏နယ်ပယ် အတွင်း၌ သာကေတမြို့သစ်တည်၍ ထားခဲ့၏။ ဤကိစ္စတွင် ငါ ကိုယ်တိုင် လိုက်ပါ၍ ချီးမြှင့်ထောက်ပံ့အပ်၏ဟု မိန့်တော်မူ၏။

မိဂါရသူဌေးသည် ဓနဉ္စယသူဌေးကြီးထံသို့ သတင်းစကား ပို့၏။

"ငါတို့လာလျှင် ကောသလမင်းကြီးလည်း ကြွလာပါမည်၊ စစ်သည်ဗိုလ်ပါအလွန်များပြားလှသဖြင့် ကျွေးမွေးပြုစုခြင်းငှာ ဖြစ်နိုင်ပါမည်လော"ဟု မှာကြား၏။

ဓနဉ္စယသူဌေးကြီးက-

"တကျိပ်သောမင်းတို့သည် စစ်သည်ဗိုလ်ပါများနှင့် လာလို သော်လည်း လာစေ၊ ငါ့အား ခက်ခဲခြင်းမဖြစ်ပါ"ဟု ပြန်ကြား လိုက်၏။

## မဟာလတာတန်ဆာ စီရင်ပြုလုပ်ခြင်း

ကောသလမင်းကြီးနှင့်တကွ မိဂါရသူဌေးတို့ လာမည်ဖြစ်၍ ဓနဉ္စယသူဌေးကြီးသည် သမီးငယ်ဝိသာခါအား စီမံခန့်ခွဲစေ၏။

ဝိသာခါသတို့သမီးငယ်သည် ဘုရင်မင်းမြတ်နေရန်၊ အိမ်ရှေ့ မင်းနေရန်၊ ယောက္ခမသူဌေးကြီးနှင့် သူဌေးကတော်တို့ နေရန်၊ အစောင့်အရှောက် အခြံအရံတို့နေရန် စသည်တို့ကို သတ်မှတ် ပြင်ဆင်စေ၏။

ထိုဌာန အသီးသီးတွင် လုပ်ကိုင်ဆောင်ရွက်ရန် လူများကို တာဝန်ချထားပေး၏။

များစွာကုန်သော အခြံအရံတို့သည် ထိုအစီအစဉ်ကို ကျွမ်း ကျင်လိမ္မာလှသည်ဖြစ်၏။

WWW.DHAMMARANSI.COM



ပါရှိသော ဆင်၊ မြင်း၊ ရထား စသည်တို့ကို စောင့်ရှောက်ရန်လည်း မိမိအခြွေအရံများကို အဆင်သင့်ထားရှိ၏။

သာဝတ္ထိပြည်မှ လာရောက်ကြရပြီး မင်္ဂလာပွဲလမ်းသဘင်ကို မျှပင် မကြည့်ရ မရှုရ။ ငါတို့၏ ဆင် မြင်း ရထားတို့ကိုသာ စောင့်ရှောက်နေရဘိသည်ဟု စိတ်နှလုံးမချမ်းမမြေ့ဖြစ်ကြမည်။ ထိုသူတို့ လွတ်လပ်စွာ ပွဲလမ်းသဘင်များသို့ သွားကြပါစေ။ သင်တို့သည် ထိုဆင် မြင်း ရထားတို့ကို တာဝန်ယူစောင့်ရှောက်ကြရမည်ဟု ကြိုတင်စီစဉ်ထား၏။

ထိုနေ့မှာပင် ဝိသာခါသတို့သမီး၏ဖခင်သဌေးကြီးက ငါးရာသော ရွှေပန်းတိမ်သည်တို့ကို ခေါ်၍

"ငါ၏သမီး ဆင်ယင်ဖို့ရာ မဟာလတာတန်ဆာကို ပြုလုပ်ကြကုန်လော့"ဟု နီမြန်းသော ရွှေစင်နိက္ခ တထောင်ကို လည်းကောင်း၊ ပတ္တမြား၊ ပုလဲ၊ သန္တာ၊ ဝရဇိန် စသည်တို့ကို ထုတ်ပေး၏။

ကောသလမင်းကြီးသည် သာကေတမြို့သို့ ရောက်၍ နှစ်ရက်သုံးရက် ကြာလျှင်-

"ငါတို့သည် ပြန်ရကုန်အံ့၊ ငါတို့၏ စစ်သည် ဗိုလ်ပါ အခြံအရံနှင့်တကွ သာဝတ္ထိ မြို့သူမြို့သားတို့ကိုပါ ခေါ်ဆောင်လာခဲ့သည်ဖြစ်၍ ကြာရှည် လေးမြင့်စွာ နေခဲ့လျှင် ဓနဥ္စယသဌေးကြီးတွင် ဝန်လေးတော့အံ့"ဟု စဉ်းစား၍-

ပြန်မည့်အကြောင်းကို ပြောကြား၏။

သဌေးကြီးက-

"အရှင်မင်းကြီး၊ ယခုအခါ မိုးကျလာပါပြီ၊ လမ်းခရီးတွင် ရွှံ့နွံ ချောင်းမြောင်းတို့ ကာဆီးနေပါသည်။ ပါရှိလာသော

WWW.DHAMMARANSI.COM

ပရိသတ်အတွက် အကျွန်ုပ်၏ တာဝန်ကို စိုးရိမ်ကြောင့်ကြတော်မမူပါနှင့်၊ ပြန်ကြွချိန်ကို အကျွန်ုပ် လျှောက်ထားပါအံ့”ဟု လျှောက်ထား၏။

ထိုနေ့မှစ၍ သာကေတ တမြို့လုံးသည် နက္ခတ်ပွဲသဘင်ကဲ့သို့ နေ့စဉ်နေ့တိုင်း ပျော်ပွဲရွှင်ပွဲတို့ဖြင့် ကျင်းပ၏။ လူအပေါင်းတို့အားလည်း ချီးမြှင့်ပေးကမ်းထောက်ပံ့၏။

“လူတိုင်း လူတိုင်းသည် (သဌေးကြီးက ငါ့ကိုသာလျှင် ဤသို့ရက်ရောချီးမြှင့်ထောက်ပံ့သည်)ဟု ထင်ကြရ၏။

သုံးလကြာသည့်တိုင်အောင် မဟာလ္လတာတန်ဆာသည် မပြီးသေး။ လေးလကြာမှ ပြီးဆုံး၏။

ထိုမဟာလ္လတာတန်ဆာသည် အဖိုးငွေ ကိုးကုဋေထိုက်တန်၏။ လက်ခပင်လျှင် အဖိုးတသိန်းပေးရ၏။

**မဟာလ္လတာတန်ဆာ ရရှိခြင်း၏ အကျိုးဆက်**

ဝိသာခါသဌေးသမီးသည် ကဿပဘုရားရှင်ပွင့်တော်မူသောအခါက နှစ်သောင်းမျှလောက်သော သံဃာတော်အရှင်မြတ်တို့အား မိမိဥစ္စာဖြင့် သင်္ကန်းတို့ကို လှူခဲ့ခြင်း အကျိုးဆက်ကြောင့် ထိုမဟာလ္လတာတန်ဆာကို ဆင်ယင်သုံးဆောင်ရပေသည်။

(ယောကျ်ားတို့ သင်္ကန်းလှူရသော အကျိုးကား ဧဟိဘိက္ခုခေါ်တော်မူရုံဖြင့် ရဟန်းအဖြစ် ရောက်၍ သင်္ကန်း ပရိက္ခရာအပြည့်အစုံ ဖြစ်ပေါ်၏။)

**ပစ္စည်းဥစ္စာရတနာတို့ ခွဲဝေပေးခြင်း**

သမီးငယ်ဝတ်ဆင်ရန် တန်ဆာတို့ကို ပြုလုပ်ပေးပြီးနောက် သမီးငယ်အား ထပ်မံ၍ အသပြာလှည်းငါးရာ၊ ရွှေခွက်လှည်းငါးရာ၊ ငွေခွက်လှည်းငါးရာ၊ အဝတ်ပုဆိုး ပိုးချည်တို့ပြည့်သော

WWW.DHAMMARANSI.COM

လှည်းငါးရာ၊ ထောပတ်လှည်းငါးရာ၊ ဆီလှည်းငါးရာ၊ ထွန်သွား ထွန်တန် လှည်းငါးရာ စသည်ဖြင့် ပေးကမ်းဆောင်နှင်းလိုက်၏။

ထို့ပြင် ရထားတစီးလျှင် တန်ဆာအပြည့်အစုံနှင့် ကျွန်မသုံးယောက် သုံးယောက်တင်လျက် ရထားငါးရာဖြင့် အမျိုးသမီး တထောင့်ငါးရာ အခြွေအရံအလုပ်အကျွေးအဖြစ် ထည့်ပေးလိုက်၏၏။

ငါ၏ သမီးအား နွားတို့ကို ပေးလိုက်ဦးမည်ဟု ကြံ၍ အပြန့်အကျယ်အားဖြင့် တဥသဘ၊ အရှည်အားဖြင့် သုံးဂါဝုတ်ရှိသော နွားများကို ပေးပြီး တော်လောက်ပေပြီဟု ခြံတံခါးကို ပိတ်လိုက်၏။

သို့သော် ဝိသာခါအမျိုးသမီး၏ ရှေးကောင်းမှုကံကြောင့် ခြံတွင်းရှိ နွားလားဥသဘတို့သည် လည်းကောင်း၊ နို့စားနွားမတို့သည်လည်းကောင်း၊ နွားပိုက်တို့သည်လည်းကောင်း၊ ခြံတွင်းမှ ခုန်ထွက်၍ လိုက်ကြသည်မှာ ခြောက်သောင်း ခြောက်သောင်း စီမျှလောက် ရှိ၏။

## ရှေးကောင်းမှုကံ အကျိုးဆက်

ဤအကျိုးဆက်သည်ကား ဝိသာခါသဌေးသမီးသည်ကဿပဘုရားရှင် လက်ထက်တွင် ကိကီမင်းကြီး၏ သမီးတော်ခုနစ်ပါးအနက်၊ အငယ်ဆုံးသမီးတော်ဖြစ်ခဲ့ပြီး၊ သံဃာတော်များအား အကောင်းဆုံးသောနို့ဆွမ်းကို ပေးလှူခဲ့သည့် ကောင်းမှုကြောင့် ဖြစ်ပါသည်။

တတိယအကြိမ်

WWW.DHAMMARANSI.COM


သံဃာတော်များက သပိတ်ကိုပိတ်၍ တန်ပါပြီဟု တားမြစ်သော်သည်း ဤအရသာကား ချိုပါသည်။ ဤအရသာမြိန်ပါသည်။ အလှူခံတော်မူပါဦး၊ ဘုဉ်းပေးတော်မူပါဦး စသည်ဖြင့် ထပ်ကာထပ်ကာ လှူဒါန်းပေးအပ်ခဲ့သည့် အကျိုးဆက်ကြောင့် နွားတို့သည် ဟန့်တားရှမရ ခုန်ထွက်၍ လိုက်ကြခြင်းဖြစ်ပေ၏။

မြို့လုံးကျွတ်မျှသော အခြွေအရံများ လိုက်ကြပုံ

သဌေးကတော်က သမီးအတွက် အလုပ်အကျွေး ကျေးကျွန်တို့ကို အဘယ်ကြောင့် မပေးသနည်းဟု မေး၏။

"ရှင်မ ငါ၏သမီးတွင် ချစ်ခင်သူ များပြားကြောင်း သိစေခြင်းငှာ၊ ငါ၏သမီး ရထားပေါ်ရောက်မှ လိုက်လိုသူတို့ကို ငါ့သမီးနှင့်အတူတကွ လိုက်သွားကြဟု ပြောဆိုအပ်နှင်းလိုက်မည်" ဟု ဆို၏။

ချွေးမတို့ လိုက်နာအပ်သော ဩဝါဒ (၁၀)ခွန်း

ဓနဉ္စယ သဌေးကြီးသည် သမီးဝိသာခါကို ခေါ်၍ ဆုံးမစကား ပြောကြား၏။

ထိုပြောစကားကို မိဂါရ သဌေးသည် အခန်းတခုမှ နားထောင်၍ နေ၏။

ဓနဉ္စယ သဌေးကြီးက အရွယ်မရောက် မကြီးမြောက်သေးခင်ပင် ယောက္ခမအိမ်သို့ လိုက်ပါရတော့မည့် ချစ်သမီး၊ ချွေးမတို့တွင် စောင့်စည်းအပ်သော ကျင့်ဝတ် (၁၀)ဖြာကို ငါ့သမီး အသေအချာ မှတ်သား၍ သွားလေသော့။

သမီးချွေးမ လိုက်နာရမည့် စည်းကမ်း(၁၀)ချက်

၁။ အတွင်းမီးကို အပြင်သို့ မထုတ်နှင့်၊

၂။ အပြင်မီးကို အတွင်းသို့ မသွင်းနှင့်

ဒုတိယအကြိမ်

WWW.DHAMMARANSI.COM



၃။ ပြန်ပေးသောသူအားသာ ပေးပါ၊
၄။ ပြန်မပေးသောသူအား မပေးနှင့်၊
၅။ ပေးသော်လည်းကောင်း၊ မပေးသော်လည်းကောင်း ပေးသင့်၏၊
၆။ ချမ်းသာစွာ နေပါ၊
၇။ ချမ်းသာစွာ စားပါ၊
၈။ ချမ်းသာစွာ အိပ်ပါ၊
၉။ မီးကို လုပ်ကျွေးပါ၊
၁၀။ အိမ်တွင်းနတ်ကို ရှိသေပါ။

ဤသို့(၁၀)ပါးသော အဆုံးအမကို ပေး၍ နောက်တနေ့ နံနက်တွင် ကောသလမင်းကြီးနှင့် တကွ စစ်သည်ဗိုလ်ပါတို့ကို စည်းဝေးစေ၍ သာဝတ္ထိပြည်မှသဌေးကြီး ရှစ်ဦးကို ပရိသတ် အလယ်သို့ ပင့်ဖိတ်ပြီးလျှင်-

''သဌေးကြီးတို့၏ နိုင်ငံသို့ ကျွန်ုပ်၏သမီးကို ထည့်လိုက်ရ တော့မည်၊ မျက်ကွယ်တွင် ဖြစ်၍ သဌေးကြီး ရှစ်ဦးတို့က ဖခင် အရာ ကျွန်ုပ်၏ကိုယ်စား သမီးကို အစစအရာရာ သွန်သင်ဆုံးမ တော်မူပါ''ဟု အပ်နှံ၏။

ထိုနောက် အဖိုး ကိုးကုဋေ ထိုက်တန်သော မဟာလ္လတာ တန်ဆာကို သမီးအား ဝတ်ဆင်စေ၍ ရေချိုး ကသယ်မှုန့်ဖိုး အဖြစ် ငါးဆယ့် လေးကုဋေ မျှသော ဥစ္စာတို့ကို ပေးအပ်ပြီး ရထားသို့တက်စေ၍-

''သာကေတမြို့တော်၏ တဆယ့် လေးရွာ၌ ရှိကြကုန်သော သူတို့တွင် ငါ၏ သမီးနောက်သို့ လိုက်ပါလိုက လိုက်ပါကြကုန် လော့''ဟု စည်ကိုလည်စေ၏။

WWW.DHAMMARANSI.COM


ထိုစည်သံ ကြားလျှင် ရွာကြီး တဆယ့်လေးရွာ၌ ရှိသမျှ အကုန်လိုက်ပါကြလေ၏။

ဓနဥ္စယ သဌေးကြီးသည် ပသေနဒီကောသလမင်းကြီးအား လည်းကောင်း၊ မိဂါရသဌေးကြီးအားလည်းကောင်း၊ နှုတ်ဆက်ပြီး သမီးကိုထည့်လိုက်ပြီး အနည်းငယ်ခရီးမျှအထိ လိုက်၍ပို့၏။

မိဂါရသဌေးသည် လမ်းခရီး၌ စစ်သည်တို့၏ နောက်ဆုံးမှ ရထားဖြင့် လိုက်စဉ် များပြား လှသော လူထုကြီးကို မြင်၍ စုံစမ်းလေလျှင်-

ဝိသာခါသတို့သမီးအား လေးစားချစ်ခင်ကြသဖြင့် အလုပ်အကျွေးအဖြစ် လိုက်လာကြကြောင်း သိရ၏။

မိဂါရသဌေး မျက်လုံးပြူးသွားရ၏။

ဤမျှ များပြားသည်ကို အဘယ်သို့ ကျွေးမွေးနိုင်မည်နည်းဟု ထိုသူတို့အား မိဂါရသဌေးက ကျောက်အုတ်ခဲတို့ဖြင့် ပစ်ခတ်စေ၍ ထိုသူတို့ကို ပြေးစေပြီး ကျန်သမျှသာ လိုက်ပါစေလော့ဟု အမိန့်ပေးလိုက်သည်။

သာဝတ္ထိပြည်တွင်းသို့ အဝင်၌ ဝိသာခါသတို့သမီးက စဉ်းစားမိသည်မှာ-

"မြို့တွင်းသို့ဝင်လေလျှင် ဖုံးကွယ်အပ်သော ရထားဖြင့်ပင် လှည့်သည်ရအံ့လော၊ လူအများမြင်သာအောင် ဟင်းလင်းဖြစ်သော ရထားဖြင့်ပင်သွားရအံ့လော"ဟု စဉ်းစားရာမှ ဟင်းလင်းဖြစ်သော ရထားဖြင့်သာ သွားသင့်ကြောင်း ဆုံးဖြတ်၏။

မြို့တွင်းသို့ လှည့်လည်လေလျှင် ဝိသာခါသတို့သမီး၏ အလှဂုဏ်သတင်းသည်လည်းကောင်း၊ မဟာလတာတန်ဆာ၏ မြင့်မြတ်သောဂုဏ်သတင်း သည်လည်းကောင်း၊ တပြည်လုံးသို့ ပျံ့နှံ့၏။

WWW.DHAMMARANSI.COM



သာကေတပြည်သို့ လိုက်ပါခဲ့ကြကုန်သော များစွာသောသူ အပေါင်းတို့သည် ဓနဉ္စယသူဌေးကြီးနှင့် ဝိသာခါသတို့သမီးတို့က လိုလေသေးမရှိအောင် ညှော်ခံဝတ်ပြုခဲ့ကြသည်တို့ကို နှစ်ထောင်းအားရ ကျေးဇူးတင်လှသည့်အလျောက် သာဝတ္ထိပြည် မိမိတို့၏ နေအိမ်တိုက်ခန်းများသို့ ပြန်လည် ရောက်ရှိလာကြပြီးနောက် ဝိသာခါ သတို့သမီးထံ လက်ဆောင်ပစ္စည်းများ ပို့ဆောင်လာကြ ကုန်၏။

ဝိသာခါ သတို့သမီးငယ်သည်လည်း ရရှိသော လက်ဆောင်ပစ္စည်းများကို ဤမြို့ရှိ ဦးရိုး၊ ဒေါ်ကြီး၊ အစ်ကို၊ ညီမ မည်သူမည်ဝါထံ ဝိသာခါက လက်ဆောင်ပေးအပ်ပါသည်ဟု အတုန့်အလှယ် ပေးပို့စေခြင်းဖြင့် တမြို့လုံးသည် ဝိသာခါအပေါ်၌ ချစ်ခင်လေးမြတ်ခြင်း ဖြစ်ကြပေကုန်၏။

အာဇာနည်မြင်း ဖွားမြင်ခြင်း

ဝိသာခါ ထိုအိမ်သို့ရောက်သည့်ညဉ့်၌ပင် အာဇာနည်မြင်းငယ်ကို ဖွားမြင်လေ၏။ ဝိသာခါသည် အဖော်များကိုခေါ်ပြီး မီးရှူးမီးတိုင်များဖြင့် မြင်းစောင်းသို့သွား၍ မြင်းမကို ရေနွေးဖြင့် ပွတ်သပ် ဆေးကြောသုတ်သင်ပြီး ဆီဖြင့် လိမ်းကျံပေး၏။

အစေလကတက္ကတွန်းတို့နှင့် ဝိသာခါ

မိဂါရ သူဌေးသည် ပြတ်စွာဘုရားသခင်ကို ကိုးကွယ်သည် မဟုတ်ပဲ အစေလကတက္ကတွန်းတို့ကိုသာ ကိုးကွယ်သည်ဖြစ်ရာ မင်္ဂလာဆွမ်းကျွေးလို၍ အစေလကတက္ကတွန်းတို့ကို ဖိတ်ခေါ်ပြီး သမီးအား ရဟန္တာများ ကြွလာကြ၍ လာရောက် ဖူးမြော်ရန် ခေါ်စေ၏။ "အစေလက ဟူသောအဓိပ္ပာယ်မှာ အဝတ်အစား မဝတ်သော တက္ကတွန်းဖြစ်၏။"

တတိယအကြိမ်

WWW.DHAMMARANSI.COM


ဝိသာခါလည်း ရဟန္တာဟူသော အသံကို ကြားရကာမျှဖြင့် သဒ္ဓါလုံ့ဖိတ်၊ ဝမ်းမြောက်စိတ်ဖြင့် အလျှင်အမြန်လာလေ၏။

အဝတ်ချည်းနှီး ကိုယ်လုံးတီးဖြင့် ဟိရိဩတ္တပ္ပကင်းကုန်သော အစေလကတက္ကတွန်းတို့ကို မြင်သည်ရှိသော်-

"ရှုံရှာဖွယ်ရှိလေစွ၊ ရှုံရှာဖွယ်ရှိလေစွ" (ရှုံစရာကောင်းလိုက်တာ)ဟု ပြောဆို၍ မိမိအခန်းသို့ ပြန်သွားလေ၏။

အစေလကတို့သည် သဌေးကြီးအား "အခြားတပါးသော အမျိုးသမီးကိုမရနိုင်၍ ဂေါတမရဟန်းကြီး၏ တပည့်ကိုမှ ပေးစားရသလော" ဟု မြည်တွန်ကြ၏။

မိဂါရသဌေးက-

"အရှင်ဘုရားတို့ သည်းခံတော်မူကြပါ၊ အသက်အရွယ်ငယ်သေး၍ မသိတတ်သေးသောကြောင့် ပြောဆိုခြင်းကို ခွင့်လွှတ်ကြပါ" ဟု တောင်းပန်လျှောက်ထား၏။

## အစာဟောင်းကိုသာ စားနေသူ

မိဂါရ သဌေးသည် ရေမရောသော နို့ထမင်းကို ရွှေခွက်ဖြင့် စားသောက်နေစဉ် ရဟန်းတော်တပါးသည် အိမ်ရှေ့၌ ဆွမ်းအလို့ငှာ ရပ်တော်မူ၏။

ဝိသာခါသည် ကြည့်နေ၏။

သဌေးကြီးသည် ရဟန်းတော်အား မမြင်ဟန်ပြု၍ စားနေ၏။

ထိုအခါ ဝိသာခါက ရဟန်းတော်အား ရိုသေစွာ လျှောက်ထား၏။

"အရှင်ဘုရား ကန်တော့ဆွမ်းပါဘုရား၊ သည်းခံတော်မူပါ၊

WWW.DHAMMARANSI.COM


တပည့်တော်မ၏ ဖခင်သည် အစာဟောင်းကိုသာ စားနေခြင်း ဖြစ်ပါသည်"

ဟု လျှောက်ထားသံကြား၍ ရဟန်းတော်ကြွလေ၏။

မိဂါရ သဌေးသည် မိမိ၏ရှေ့ခွက်မှ နို့ထမင်းကို စက်ဆုတ်ရွံရှာစွာကြည့်၍ သိမ်းစေပြီး ဝိသာခါအား "အစာဟောင်း "မစင်" စားသူဟု အရှိအသေ ကင်းမဲ့စွာ ပြောကြားလေရသလား"ဟု များစွာ စိတ်ဆိုးပြီး အိမ်မှ နှင်ထုတ်လေ၏။

## ဝိသာခါက ပြဿနာများကိုရှင်းပြခြင်း

ဤသို့ ယောက္ခမကအိမ်ပေါ်မှ နှင်ချသည့်အခါ ဝိသာခါက "အိမ်ပေါ်မှမဆင်းနိုင်ပါ၊ ကျွန်တော်မ၏ဖခင်သည် သဌေးကြီး ရှစ်ဦးထံ အပ်နှံထားခဲ့သည်ဖြစ်၍ ထိုသဌေးကြီး ရှစ်ဦး၏ အဆုံးအမကိုသာ နာခံပါမည်"

ဟုဆိုသဖြင့် မိဂါရက သဌေးကြီးရှစ်ဦးအား ပင့်ဖိတ်စေပြီး တိုင်ကြား၏။

မိမိချွေးမသည် မိမိအား(အစာဟောင်းကို စားနေသူ)ဟု ညစ်ညမ်းစွာဖြင့် ဂါရဝကင်းမဲ့စွာ ပြောဆိုခြင်းကြောင့် အိမ်မှ နှင်ထုတ် လိုပါသည်ဟု ပြော၏။

ထိုအခါ ဝိသာခါက-

"ကျွန်တော်မသည် ဤစကားပြောသည်မှာ မှန်ကန်ပါသည် ဆိုလိုသည်မှာ ကျွန်တော်မ၏ယောက္ခမသည် (ရှေးဘဝက ပြုခဲ့ဖူးသော အတိတ်ကံမှ အစာဟောင်း)ကိုသာ စားသောက်ခြင်း ဖြစ်ကြောင်းကိုသာ ပြောဆိုခြင်း ဖြစ်ပါသည်"ဟု ဖြေ၏။

သဌေးကြီး ရှစ်ဦးက-

ဓာတ်ယအကြင်

WWW.DHAMMARANSI.COM


"အရှင်သဌေးမင်း၊ ငါတို့သမီးတွင် အပြစ်မရှိပါ၊ကောင်းမြတ်သောစကားကိုသာ ပြောဆိုခြင်းဖြစ်ပါသည်"ဟုဆိုကြ၏။

"ဤစကားမှာ မထင်ရှား၍ အပြစ်မရှိဆိုလျှင်ထားပါတော့ တနေ့ညတွင် ညဥ့်နက်သန်းခေါင် ကျွန်မိန်းမ၊ ကျွန်ယောကျာ်း တို့နှင့် အိမ်အနောက်မှ ဆင်း၍ သွားခြင်းမှာ အပြစ် မရှိပါ သလော"

"မှန်လှပါ၊ ထိုသို့သွားခြင်းမှာ မြင်းဇောင်း၌ အာဇာနည် မြင်းမ ဖွားမြင်သဖြင့် ပြုစု စောင့်ရှောက် ပေးရန် အလို့ငှာ ဆင်းခြင်းသာ ဖြစ်ပါသည်"ဟု ဖြေ၏။

သဌေးကြီး ရှစ်ယောက်တို့က-

"အရှင်သဌေးမင်း၊ အကျွန်ုပ်တို့၏ သမီးတွင် အပြစ်မရှိပါ တကား၊ အစေခံ ကျွန်မတို့ပင် ပြုနိုင်ခဲသော အမှုကို ပြုပေသည် ဟု ချီးမွမ်းရမည်သာ မဟုတ်ပါလော"ဟု ဆိုကြ၏။

"ထားပါတော့၊ထားပါတော့၊ သာကေတမြို့တွင် ရှိစဥ်က ဓနဥ္စယ သဌေးက သမီးငယ်အား အခန်းတွင်း၌ တိတ်တဆိတ် မှာကြားသော လျှို့ဝှက်စကားဆယ်ခွန်းရှိပါသည်။ထိုစကား၏ လျှို့ဝှက်သော အဓိပ္ပာယ်များကို ရှင်းပြ စေလိုပါသည်" ဟု ဆိုပြန်၏။

ဖခင်တို့ ကျွန်တော်မ၏ ဖခင် မှာကြားသော ဩဝါဒ ဆယ်ခွန်း၏အဓိပ္ပာယ်မှာ-

၁။ အတွင်းမီးကို အပြင်သို့ မထုတ်နှင့် ဟု မှာကြားသော စကားမှာ အိမ်တွင်းမှယောကျ်ားမချစ်လင်တို့၏ကျေးဇူးမဲ့အပြစ် ဒေါသ စကားကို အပြင်၌ မပြောပါနှင့်၊ ဤသို့ ပြောဆိုခြင်း

WWW.DHAMMARANSI.COM


နှင့်တူသော ပူခလောင်စေဘတ်သော မီးသည် လောက၌ မရှိဟု ဆိုလိုပါသည်။

၂။ အပြင်မီးကို အတွင်းသို့ မသွင်းနှင့် ဟူသော စကား မှာ အိမ်နီးချင်းတို့က ယောက္ခမ ချစ်လင်တို့အကြောင်းမကောင်း ပြောဆိုသည်ရှိသော် ယောက္ခမ၊ ချစ်သင်တို့အား ပြန်လည်ပြော ကြားခြင်းဖြင့် အပြင်မှမီးကို အိမ်တွင်းသို့ ယူဆောင်လာသည် ထက် ပူလောင်သောမီးသည် မရှိဟု ဆိုလိုခြင်း ဖြစ်ပါသည်။

၃။ ပေးသောသူအားသာလျှင် ပေးပါ ဟု ဆုံးမလိုက် သည်မှာ မိမိဥစ္စာတို့ကိုလာ၍ တောင်းဆိုသောအခါ၌၊ ပြန်၍ ပေးမည့်သူကိုသာလျှင် ပေးသင့်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

၄။ မပေးသောသူအား မပေးနှင့် ဟူသောစကားမှာ မိမိ ပေးလိုက်သော ပစ္စည်းဥစ္စာကို မိမိအလိုရှိ၍ တောင်းဆိုသော ကာလ၊ ပြန်၍ပေးခြင်းကို မပြုသောသူတို့အား မပေးနှင့်ဟု ဆို လိုခြင်း ဖြစ်ပါသည်။

၅။ ပေးသောသူကိုလည်းပေးသင့်၏မပေးသောသူကိုလည်း ပေးသင့်၏ ဟူသော စကားမှာ ဆင်းရဲသော ဆွေမျိုး မိတ် သင်္ဂဟတို့ ရောက်လာလျှင် ပြန်၍ပေးနိုင်သည်ဖြစ်စေ၊ မပေးနိုင် သည်ဖြစ်စေ အထိုက်အလျောက် ချီးမြှောက်ပေးကမ်းခြင်း ပြု အပ်၏ဟု ဆိုလိုခြင်းဖြစ်ပါသည်။

၆။ ချမ်းသာစွာ နေပါ ဟု မှာကြားသော စကားမှာ ယောက္ခမ ချစ်သင် တို့ကို မြင်လျှင် ထင်အပ်သောနေရာ၌ ထိုင်၍ နေခြင်းငှာ၊ မလျောက်ပတ်သည်ကို ရည်ညွှန်း၍ ဆုံးမခြင်း ဖြစ် ပါသည်။

WWW.DHAMMARANSI.COM


၇။ ချမ်းသာစွာစားပါ ဟူသော စကားမှာ ယောက္ခမ၊ မဘ အရှင် လင် တို့၏ အလျင် စားသောက်ခြင်းကိုမပြုပဲ၊ ထို ယောက္ခမ မိဘ အရှင်လင်တို့ကို စားသောက်ဖွယ် ပြင်ဆင်ပေး ပြီး လုံလောက်အပ်သည် မလုံလောက်အပ်သည်ကို သိပြီးနောက် မှ စားသောက်ခြင်းကို ပြုအပ်သည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

၈။ ချမ်းသာစွာအိပ်ပါ ဟူသော စကားမှာ ယောက္ခမ မိဘ အရှင်လင်တို့၏ အလျင်ရှေးဦးစွာ အိပ်ယာဝင်ခြင်း မပြုပဲ ထိုသူတို့အား သင့်လျော်သော ဝတ်ကြီး ဝတ်ငယ်ကို ပြုပြီး၍ မိမိသည် နောက်မှအိပ်ရမည်ကို ရည်ညွှန်း၍ ဆိုလိုခြင်း ဖြစ်ပါ သည်။

၉။ မီးကိုလုပ်ကျွေးပါ ဟူသော စကားမှာ အရှင်လင်၏ မိခင် ဖခင်တို့ကို မီးပုံကြီးကဲ့သို့လည်းကောင်း၊ အဆိပ်ထန်သော နဂါးမင်းကဲ့သို့ လည်းကောင်း၊ ရိုသေခြင်း၊ ကြောက်ရွံ့ခြင်းတို့ ဖြင့် ပြုစုကြည့်ရှုခြင်းငှာ သင့်သည်ကို ရည်ညွှန်း၍ ဆိုးမခြင်း ဖြစ်ပါသည်။

၁၀။ အိမ်တွင်းနတ်ကို ရိုသေပါ ဟူသောစကားမှာ အရှင် လင်၏ မိခင် ဖခင်ကိုလည်းကောင်း၊အရှင်လင်ကိုလည်းကောင်း၊ နတ်ကဲ့သို့ ရိုသေတုံ့ဝပ်ခြင်းကိုပြု၍ ကြည့်ရှုခြင်းငှာ သင့်သည်ကို ရည်ညွှန်း၍ ဆုံးမခြင်း ဖြစ်ပါသည်။

ဝိသာခါ သတို့သမီးသည် ဖခင်၏ မှာကြားသော ဩဝါဒ စကားတို့ကို အဓိပ္ပာယ်ရှင်းလင်းပြောပြလေသောအခါ၊ မိဂါရ သဌေးကြီးသည် နောက်ထပ် တစုံတရာ ပြောဆိုခြင်းမရှိတော့ပဲ မျက်နှာကို အောက်သို့ချ၍ "ငါ၏ချွေးမကား ပညာရှိသော

WWW.DHAMMARANSI.COM



သိတတ်သော မိန်းမမြတ်ကလေးပင် ဖြစ်ပေသည်''ဟူ၍ နှလုံးပိုက်ကာ နေရှာမိတော့သည်။

သဌေးကြီး ရှစ်ဦးတို့က မိဂါရ သဌေးအား-

''အရှင် သဌေးကြီး၊ ကျွန်ုပ်တို့၏ သမီးတွင် နောက်ထပ်တင်ပြစရာအပြစ် တစုံတရာများ ရှိပါသေးသလား''

ဟု မေးမြန်းသည်ရှိသော် မိဂါရ သဌေးကြီးက(မရှိတော့ပါ)ဟု ပြန်လည် ဖြေကြား၏။

ထိုအခါ ဝိသာခါက သဌေးကြီး ရှစ်ဦးအား-

''အရှင် သဌေးမင်းတို့ကို ကျွန်တော်မ၏ဖခင်က မိဖအရာထား၍ သွန်သင်ဆုံးမသင့်သည်ကို သွန်သင်ဆုံးမရန်နှင့် စောင့်ရှောက်ရန်တို့ကိုပါ သမီးအရာဖြင့် အပ်နှံထားခဲ့ပါသည်။ ယခုအခါ ကျွန်တော်မတွင် အပြစ်မရှိပါပဲလျက် ယောက္ခမ သဌေးကြီးက အိမ်မှ နှင်ထုတ်ခဲ့သည်ဖြစ်၍ ကျွန်တော်မ၏ အပေါင်းအဖော် ကျွန်သင်းပင်းတို့နှင့်တကွ၊ ဤအိမ်မှထွက်ခွာ၍ မိဘထံပြန်လည်ခွင့်ပြုပါရန် တောင်းပန်ပါ၏''ဟု ပြော၏။

မိဂါရသဌေးကြီး လိုက်လျှောရခြင်း

ဝိသာခါ၏စကားကို ကြားရလျှင် မိဂါရ သဌေးကြီးသည် မိမိ၏အပြစ်ကို သိမြင်၍ ပြာပြာသလဲပင်-

''ချစ်သမီး၊ ငါသည် အကြောင်းစုံကို သဘောမပေါက်၍သာ ပြောမိပါသည်။သည်းခံပါလော့၊ ငါတောင်းပန်ပါသည်''

ဟု ဆို၏။

ထိုအခါ ဝိသာခါ သတို့သမီးငယ်က-

''ဖခင်ကိုသည်းခံပါ၏၊ခွင့်လွှတ်ပါ၏၊သို့သော် ကျွန်တော်မသည် မြတ်စွာဘုရားသခင်၌ သက်ဝင်ယုံကြည်သည် ဖြစ်ပါ၍

WWW.DHAMMARANSI.COM


မြတ်စွာဘုရားနှင့်တကွ ရဟန်းသံဃာတို့နှင့် ကင်း၍ နေခြင်းငှာ မစွမ်းနိုင်ပါ၊ ကျွန်တော်မ၏ ဆန္ဒအလျောက် ရဟန်းသံဃာတို့ကို ပြုစု လုပ်ကျွေး ကိုးကွယ်ဆည်းကပ်ခြင်း အခွင့်ရရှိပါလျှင် ဤအိမ်၌ နေပါဦးမည်''ဟု ပြောဆို၏။

မိဂါရ သင့ြေးကြီးက-

''ချစ်သမီး၊ အသင်၏ဆန္ဒအတိုင်း အသင်တို့ ရဟန်း သံဃာတော်တို့ကို အိမ်သို့ ပင့်ဖိတ်၍ ပြုစုလုပ်ကျွေးရန် ငါခွင့်ပေး၏'' ဟု ဆို၏။

မိဂါရ သင့ြေးကြီး သေတာပန်တည်ခြင်း

နောက်တနေ့တွင် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်နှင့်တကွ သံဃာတော်တို့ကို အိမ်သို့ ပင့်၏။

ဘုရားသခင် မိဂါရ သင့ြေးအိမ်သို့ ကြွသည်ဟု ကြားလျှင် အဝတ်မပါ ပလာကိုယ်တီး အချည်းနှည်းသော ကိုယ်ဖြင့် ရှိကြသော အစေလကတက္ကတွန်းတို့သည် အိမ်ခြံတွင်း၌ လှည့်ပတ်၍ ထိုင်နေကြ၏။

ဝိသာခါသည် မြတ်စွာ ဘုရားသခင်နှင့် သံဃာတော်များအတွက် အလုံးစုံ ပြုပြင် စီရင်ပြီးလျှင်-

''ငါ၏ယောက္ခမအား ကြွလာ၍ မြတ်စွာဘုရားကို ကိုယ်တိုင် ကပ်လှူပါ''ဟု စေလွှတ်၍ ပြောဆိုစေ၏။

အာဇီဝက တက္ကတွန်းတို့က-

''သင့ြေးကြီး၊ ရှင်ကြီးဂေါတမထံ မသွားနှင့်''ဟု တားမြစ်ကြကုန်၏။

မိဂါရ သင့ြေးကြီးက''ငါ၏ ချွေးမသာ ကိုယ်တိုင် ကပ်လှူပါစေ''ဟု ပြန်ကြားလိုက်၏။

WWW.DHAMMARANSI.COM


ဝိသာခါသည် ကိုယ်တိုင် ကပ်လှူပြီးသော် ယောက္ခမအား 'တရားနာရန်ကြွပါ''ဟု စေလွှတ်၍ အကြောင်းကြားပြန်၏။

ထိုအခါ သဋ္ဌေးကြီးက အာဇီဝကတို့အား-

''အရှင်တို့....တရားကိုပင် မနာလိုသော်လည်း ယခုတကြိမ် မသွားလျှင် သင့်လျော်မည်မဟုတ်''ဟု ခွင့်တောင်း၏။

အာဇီဝကတို့က သင်သွားလိုလျှင် ရှင်ကြီး ဂေါတမကို မမြင်စေခြင်းငှာ တင်းထိမ်ကာရံ၍ တင်းထိမ်အတွင်းမှပင် နေ လေတော့ဟု တင်းထိမ်ကန့်လန့်ကာကို အရင်ကာစေပြီးမှ သဋ္ဌေး ကြီးကို လွှတ်၏။

မြတ်စွာဘုရားသခင်က ''သင်သည် တင်းထိမ်အပမှ နေသည် ဖြစ်စေ၊ တိုက်နံရံခြားသော အရပ်၌ နေသည်ဖြစ်စေ၊ အခြား သော စကြာဝဠာ၌ နေသည်ဖြစ်စေ၊ ငါ၏တရားကို မနာကြား ပဲ နေခြင်းငှာ မတတ်ကောင်းချေ''ဟု အမြိုက်တရားကို ဟော ကြားတော်မူ၏။

## မိဂါရမာတာ ဝိသာခါ

မိဂါရ သဋ္ဌေးကြီးသည် တင်းထိမ်၏ အပြင်မှပင် မြတ်စွာ ဘုရား၏ တရားတော်တို့ကိုကြားနာ၏၊ ဘုရားသခင်သည် မိမိကို ပင် စေ့စေ့ကြည့်ရှု ဟောတော်မူအပ်သည် ဟုပင် ထင်မြင်ပြီး ကောင်းစွာနာယူသည်ရှိသော် သောတာပတ္တိဖိုလ်၌ တည်လျက် ကြီးစွာသော သဒ္ဓါတရားဖြင့် သရဏဂုံသုံးပါး၌၊ ယုံမှားခြင်း ကင်းစွာ တည်လေတော့၏။

WWW.DHAMMARANSI.COM


တင်းထိမ် ဂန့်လန့်ကာကို ပင့်ပြီးလျှင် ချွေးမ ဖြစ်သော ဝိသာခါ၏အထံသို့ သွားသောအခါ (သင်သည်ယနေ့မှစ၍ ငါ၏ မိခင်ပေတည်း)ဟု မိခင်အရာ၌ ထားလေတော့၏။

ထိုအခါမှစ၍ ဝိသာခါသည် မိဂါရမာတာ (မိဂါရသဋ္ဌေး ကြီး၏ အမေ)ဟူ၍ အမည်တွင်သတည်း။

ထိုနောက် သဋ္ဌေးကြီးသည် မြတ်စွာဘုရား သခင်၏ ခြေ တော်ရင်း၌ ဝပ်စင်း ဦးချလျက် ခြေတော်တို့ကို လက်တို့ဖြင့် ပွတ်သပ်လျက် ခံတွင်းဖြင့် နမ်းရှုံ့ပြီးသော်-

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော် သည် မိဂါရပါတည်း၊ တပည့်တော်သည် မိဂါရပါတည်း"ဟု သုံးကြိမ်တိုင်တိုင် လျှောက်ထားပြီးနောက်-

"ရွှေဘုန်းတော်အရှင် သခင်မြတ်ဘုရား၊ တပည့်တော်သည် ဤမျှ အသက်ရှည်သည်၏ ကာလပတ်လုံး၊ ရတနာသုံးပါး၌ ဆည်းကပ်လှူဒါန်းအပ်သော ကောင်းမှုကံအကျိုး အာနိသင်၏ ကြီးမားခြင်းကို မသိခဲ့ပါ၊ ယခုအခါ၌ တပည့်တော်မ၏ ချွေးမ ကို အမှီပြု၍ သိရပါပြီ၊ အလုံးစုံသော အပါယ်ဆင်းရဲမှ လွတ် မြောက်ရပါပြီ၊ တပည့်တော်၏ ချွေးမသည် တပည့်တော်၏ အကျိုးစီးပွား များပြား စေသော အလို့ငှာ ဤအိမ်သို့ လာရ ပါသည်"

ဟု လျှောက်ထား၏။

ဝိသာခါသည် နောက်တနေ့တွင် မြတ်စွာဘုရားနှင့် သံဃာ တော်တို့အား ဆွမ်းပင့်၍ ကပ်လှူပြန်၏။ ထိုနေ့၌ ဝိသာခါ၏ ယောက္ခမ သဋ္ဌေးကတော်သည် သောတာပတ္တိဖိုလ်သို့ ရောက်

WWW.DHAMMARANSI.COM



လေ၏။ ထိုအခါမှစ၍ မိဂါရ သူဌေးကြီး၏ အိမ်သည် သာသနာတော်အလင်းရောင်ဖြင့် ထွန်းတောက်နေပေသတည်း။

### ချွေးမ ဝိသာခါအား ဂုဏ်ပြုခြင်း

မိဂါရ သူဌေးကြီးက စဉ်းစားနေသည်မှာ "ငါ၏ ချွေးမသည် ငါ့အတွက် အလွန်ကျေးဇူးများလှပေ၏။ ချွေးမအား ကြည်ညိုသော အထိမ်းအမှတ်ဖြင့် တစုံတခု ဂုဏ်ပြုရပေမည်။ လက်ရှိ မဟာလတာတန်ဆာသည် အလွန်အဖိုးထိုက်လေးလံသည်ဖြစ်၍ နေရာတိုင်းတွင် ဝတ်ဆင်၍ သွားခြင်းငှာမသင့်"ဟု ကြံ၍-

အမြဲမပြတ် ဝတ်ဆင်ရန်အတွက် "ဃနမဋ္ဌက"အမည်ရှိသော အဖိုး တသိန်း ထိုက်သည့် ရတနာများဖြင့် တန်ဆာတခုကို လုပ်စေ၏။

ပြီးစီးလျှင် မြတ်စွာဘုရားသခင်နှင့်တကွ သံဃာတော်များကို ပင့်ဖိတ်ဆွမ်းကျွေး၍ ဝိသာခါအား နံ့သာရည် တဆယ့်ခြောက်လုံးတို့ဖြင့် ရေချိုးစေပြီး ဘုရားသခင်ရှေ့၌ ထား၍ ထိုတန်ဆာကို ဝတ်စေပြီး မြတ်စွာဘုရားအား ရှိခိုးစေ၏။ ဘုရားသခင်လည်း သာဓုအနုမောဒနာပြု၍ ကျောင်းတော်သို့ ပြန်ကြွ၏။

### သားသမီး နှစ်ကျိပ် မွေးလေးရာ မြစ် ရှစ်ထောင်

ထိုအခါမှစ၍ ဝိသာခါသည် လှူတ်လပ်စွာပင် ဒါနအမှု၊ သီလအမှုတို့ကိုပြုစုယင်း မြတ်စွာဘုရား သာသနာတော်၌ ထင်ရှားသူတဦး ဖြစ်လေ၏။

ဝိသာခါတွင် သားဆယ်ယောက်၊ သမီး ဆယ်ယောက် မွေး၏။

WWW.DHAMMARANSI.COM


တယောက် တယောက်သောသားတို့မှ သားဆယ်ယောက် သမီးဆယ်ယောက်စီ ဖြစ်ထွန်းကြ၏။

ထိုမြေးတို့တွင်လည်း တယောက် တယောက်တွင် တကျိပ်သော သားတို့သည်လည်းကောင်း၊ တကျိပ်တကျိပ်သော သမီးတို့သည်လည်းကောင်း၊ ဖြစ်တွန်းကြပြန်၏။

ဤသို့လျှင် ဝိသာခါတွင် သား မြေး မြစ်အစဉ်၏ အစွမ်းဖြင့် ရှစ်ထောင်လေးရာ့နှစ်ဆယ်တို့သည်ဖြစ်ကုန်၏။

အသက်ဏရာ့နှစ်ဆယ်ရှည်၏။ သို့တိုင် ဆံပင်တပင်မှ မဖြူပဲ တဆယ့်ခြောက်နှစ်အရွယ်ကဲ့သို့တည်၏။

သားသမီးမြေးမြစ် ခြံရံလျက် ကျောင်းသို့ သွားကြသည့်အခါ (အဘယ်သူသည် ဝိသာခါပါနည်း)ဟု မေးရလောက်အောင်ပင် နူပျို၏၊ ထိုင်နေ၊ သွားနေ၊ ရပ်နေ၊ အိပ်နေသော လေးဖြာသော ဣရိယာတို့တွင် ရှုမြင်ရသူတို့သည် ဝိသာခါအား အစဉ်ချီးကျူးကြရ၏။

ဝိသာခါသည် ဆင်ပြောင်ငါးစီးအားကို ဆောင်နိုင်၏ ကုကျော်ကြားသဖြင့် ပသေနဒီ ကောသလမင်းကြီးသည် ဆင်ကို လွှတ်၍ လက်တွေ့စမ်းကြည့်ရသည်အထိ အံ့ဩလောက်သော ခွန်အားနှင့် ပြည့်စုံသည်ဖြစ်၏။

## မဟာလ္လတာ

ဝိသာခါသည် သားသမီးနှစ်ကျိပ်၊ မြေးလေးရာ၊ မြစ်ရှစ်ထောင်တို့နှင့် အသက်တရာ့နှစ်ဆယ်အထိ အလွန်စည်ကားသိုက်မြိုက်စွာ နေရ၏။ ထိုသားသမီး မြေးမြစ်တို့သည် အနာရောဂါကင်းကြ၏။ တစုံတယောက်မျှသေဖူးသည်မရှိ။

တတိယအကြိမ်

WWW.DHAMMARANSI.COM



ထိုအခါ သာဝတ္ထိပြည် အလုံး၌ ရှိကြသော သူအပေါင်းတို့သည်ဝိသာခါ အမည်ရှိသော မိဂါရမာတာသည် အလှူမင်္ဂလာရှိသည်ဟု အသိအမှတ်ပြုကြ၏။

အလှူမင်္ဂလာတို့၌ ဝိသာခါကိုဦးစွာပင် ပင့်ဖိတ်ကြ၏။

တနေ့တွင် အလှူတခုမှအပြန် ဘုရားကျောင်းတော်သို့ ဝင်ဦးမည်ဟု သွားရောက်သည်၊ ဘုရားကျောင်းအဝင်တွင် အလှူအတွက် မဟာလတာတန်ဆာကို ဝတ်ဆင်လာခဲ့သည်ဖြစ်ရာ ဦးခေါင်းမှစ၍ ခြေနင်းအထိ တဆက်တည်း ပြုလုပ်ထားသော မဟာလတာတန်ဆာနှင့် ဘုရားကျောင်းတော်သို့ ဝင်ရန်မသင့်ဟု ယောကျ်ာမ သဒ္ဒေးကြီး ဂုဏ်ပြုအပ်သော "ဃနမဋ္ဌက" တန်ဆာကိုလဲလှယ်၍ မဟာလတာတန်ဆာကို အဖော် ကျွန်မအားပေးအပ်၏။

ထိုကျွန်မသည်သာလျှင် ဤမဟာလတာတန်ဆာကိုဆောင်ယူနိုင်၏။ ဆင်ပြောင်ငါးစီး အားမာန်ပင်ကြီး၏။ ဝိသာခါသည် ဘုရားသခင်အား ဖူးမြော်ပြီးနောက် ပြုနေကျ ဝတ္တရားအတိုင်း ကျောင်းဧည်သို့ လှည့်လည်ပြီး သူနာရဟန်းတို့ကိုလည်းကောင်း၊ ရဟန်းငယ် သာမဏေတို့ကို လည်းကောင်း၊ ကြည့်ရှုပေးကမ်း လှူဒါန်းချီးမြှင့်ပြီးသော် အခြားသော တံခါးတခုမှ အိမ်သို့ပြန်သွားလေ၏။ ကျွန်မသည်လည်း သတိမေ့လျော့၍ လာခဲ့ရာမှ အိမ်သို့ရောက်လျှင် မဟာလတာတန်ဆာ မေ့ခဲ့ကြောင်း ကိုဝိသာခါအား ပြောကြား၏။

အရှင် အာနန္ဒာ မထေရ်သည် ကျောင်းသို့ ရောက်လာကြသော သူတို့၏ ပစ္စည်းများ မေ့ကျန်ခဲ့လျှင် သိမ်းဆည်းရသော

WWW.DHAMMARANSI.COM



တာဝန်ရှိ၏။ အရှင်အာနန္ဒာသည် ထို မဟာလ္လတာတန်ဆာကို ဇရပ်နံရံ၌ ချိတ်ဆွဲထား၏။

ဝိသာခါသည် ရှင်အာနန္ဒာ သိမ်း ဆည်းထားလေ့ရှိကြောင်းကို သိပြီးဖြစ်၍ ကျွန်မအား စေလွှတ်၏။ ဤသို့လည်း မှာကြားလိုက်၏။ "အကယ်၍" အရှင်အာနန္ဒာ ယူဆောင်သိမ်းဆည်းပြီးဖြစ် ပါက ပြန်၍မယူခဲ့လေနှင့်။ ဘုရားသခင်အားသာလျှင် ထို ပစ္စည်းကို လှူမည်ဟု လျှောက်ထားပါရန် မှာကြား၏၊ ကျွန်မသည် သွားရောက်၍ ရှာဖွေရာ အရှင်အာနန္ဒာ သိမ်းဆည်းထားပြီဖြစ်ကြောင်း တွေ့ရ၍ အရှင်အာနန္ဒာအား ဝိသာခါမှာကြားသည့်အတိုင်း လျှောက်ထားပြီး မယူပဲပြန်ခဲ့၏။

ဝိသာခါသည် နောက်တနေ့တွင် ကျောင်းသို့ သွားရောက်၍ မြတ်စွာဘုရားသခင်အား ယမန်နေ့က ကျောင်းတွင် တပည့်တော်မ၏ မဟာလ္လတာတန်ဆာ မေ့ကျန်ခဲ့ကြောင်း၊ အရှင်အာနန္ဒာ သိမ်းဆည်းထားခဲ့ရာ အရှင်မြတ်တို့လက် ဖြင့်ထိပြီးသောထို တန်ဆာကို တပည့်တော်မ မသုံးဆောင်တော့ပါ၊ သံဃာတော်များအတွက် အကျိုးရှိရာကို လှူဒါန်းလိုပါသည်။ အဘယ်အရာကို လှူဒါန်းရန် သင့်မြတ်ပါမည်နည်း ဟု လျှောက်ထား၏။ မြတ်စွာဘုရားသခင်က "ဝိသာခါ၊ မြို့၏ အရှေ့မျက်နှာ တံခါး၌ သံဃာတော်တို့ သီတင်းသုံးရန် ကျောင်းကိုဆောက်လုပ်သင့်၏" ဟုမိန့်တော်မူ၏။

## မဟာလ္လတာ တန်ဆာ ဝတ်ဆင်နိုင်သော မိန်းမသုံးဦး

ဝိသာခါသည် ထိုမဟာလ္လတာတန်ဆာကို ယူစေပြီးသော်၊ ပန်းတိမ်တို့အား အဖိုးဖြတ်စေ၏။ ဒ. ဖိုးအာ ဖြင့် ကိုးကုဋေ၊ လက်ခအားဖြင့် တသိန်းထိုက်၏ဟုဆိုကြ၏။ တန်ဆာကို ယာဉ်

WWW.DHAMMARANSI.COM


၌ တင်ပြီးလျှင် လှည့်လည်ရောင်းချစေ၏။ တစုံတယောက်မျှ ဝယ်နိုင်မည့်သူမရှိ၊ ထို့ပြင် ဤမျှ လေးလံသော တန်ဆာကို ဝတ်ဆင်နိုင်သူ သုံးဦးသာရှိ၏။ (၁) ဝိသာခါ ဒါယိကာမကြီး (၂) မလ္လာမင်းသား၊ ဗန္ဓုလ စစ်သူကြီး၏ ဇနီး မလ္လိကာ။ (၃) ဗာရာဏသီ သဌေးကြီး သမီး၊ ဤသုံးဦးသာတည်း။

တစုံ တယောက်မျှ ဝယ်မည့်ယူနိုင်မည့်သူ မရှိသောကြောင့် ဝိသာခါ ကိုယ်တိုင်ပင် အဖိုးပေး၍ ဝယ်ယူပြီးသော် ကျောင်းဆောက်လုပ်ခြင်းငှာ စီရင်၏။

## ပုဗ္ဗာရုံကျောင်း ဆောက်လုပ်ခြင်း

ထိုနေ့တွင် ဘုရားသခင်သည် အနာထပိဏ် သဌေးကြီးအိမ်၌ ဆွမ်းစားပြီး၊ ဘဒ္ဒိယမြို့မှ ဘဒ္ဒိယ သဌေးသားကို ကယ်ချွတ်ရန်အတွက် မြောက်မျက်နှာ တံခါးသို့ ရှေ့ရှုသွားတော်မူလျှင် ဝိသာခါ ဒါယိကာမကြီးသိ၍ ဘုရားသခင် အခြားတပါးသို့ ဒေသစာရီ ကြွချီတော်မူမည်ကို သိလေသဖြင့် လျင်မြန်စွာလိုက်ပြီး "အရှင်မြတ်ဘုရား၊ အရှင်မြတ်ကြွသွားတော်မူလျှင် တပည့်တော်မ ကျောင်းဆောက်သည့်ကိစ္စ ပြုအပ် မပြုအပ် လျောက်ပတ်သည် မလျောက်ပတ်သည်ကို စီစစ်တတ်သော အရှင်မြတ်တပါးကို တပည့်တော်မအား သနား ကယ်မတော်မူပါ" ဟု လျှောက်ထား၏။ ဘုရားသခင်က "ဝိသာခါ သင်နှစ်သက်သော ရဟန်း တပါး၏ သပိတ်ကို ယူလိုက်လေတော့" ဟု မိန့်တော်မူ၏။ ဝိသာခါသည် အရှင် မောဂ္ဂလာန် မထေရ်မြတ်၏ သပိတ်တော်ကို လှမ်းယူ၏။ အရှင် မောဂ္ဂလာန်သည် ဘုရားသခင်ကိုမော်၍ကြည့်၏၊ မြတ်စွာဘုရားက ချစ်သား မောဂ္ဂလာန် အသင်၏ အခြံအရံ ဖြစ်ကုန်သော ရဟန်း ငါးရာတို့နှင့် တကွ

WWW.DHAMMARANSI.COM


ကျောင်းသို့ပြန်၍ ဝိသာခါ ဒါယိကာမကြီးအား ကူညီဆောင်ရွက်ပေးလေလော့ဟု မိန့်တော်မူ၏။

တန်ခိုးအာနုဘော် ကြီးမြတ်တော်မူသော အရှင်မောဂ္ဂလာန်မထေရ်၏ စီစဉ်မှုကြောင့် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ကျောင်းကြီးကို ဆောက်လုပ်၍ အထက်ဘုံဆင့်၌ တိုက်ခန်း ငါးရာ အောက်ဘုံဆင့်၌ တိုက်ခန်းငါးရာအားဖြင့် တိုက်ခန်းတထောင်ရှိ၏။

ရှစ်ပါယ်မျှလောက်သော မြေအကျယ်၌ ပြာသာဒ်ကျောင်းကြီးတဆောင်တည်းဖြင့် မတင့်တယ်ဟု ကျောင်းကြီးကို ဝန်းရံပြီး ပြာသာဒ် ငါးရာတို့ကိုလည်းကောင်း၊ ကျောင်းငါးရာတို့ကိုလည်းကောင်း၊ ဇရပ်ရှည် ငါးရာတို့ကိုလည်းကောင်း ဆောက်လုပ်၏။ ပန်းဥယျာဉ်နှင့် အရိပ်အာဝါသအတွက် သစ်ပင်တို့ကိုစိုက်ပျိုးပြုစု၏။ပုဗ္ဗာရုံကျောင်းတော်ကြီးသည် ကိုးလနှင့်ပြီး၏။ (ထိုပုဗ္ဗာရုံ ကျောင်းတော်ကြီး နေရာသည် လွန်ခဲ့သော နှစ်ပေါင်း တထောင်ခန့်ကပင် နေရဋ္ဌရာ မြစ်ကမ်းပြိုရာ၌ ပါသွားခဲ့သည်ဟု အိန္ဒိယကျောက်စာဌာနက မှတ်တမ်းပြု၏။)

ဘုရားသခင်သည် ကိုးလကြာမျှ ဒေသစာရီ လှည့်လည်တော်မူပြီးနောက် သာဝတ္ထိပြည်သို့ ပြန်ရောက်သည်ဟု ကြားလျှင် ဝိသာခါသည် မြတ်စွာဘုရား ထံဖူးမြော်၍ "တပည့်တော်မ၏ ကျောင်းကြီး ပြီးပြည့်စုံပါပြီ၊ ဝါတွင်း လေးလပါတ်လုံး အရှင်မြတ် ကိုယ်တော်တိုင် ကြွရောက် သီတင်း သုံးတော်မူပါ၊ ကျောင်းပူဇော်ပွဲကြီးကို ပြုလုပ်လိုပါသည်" ဟု လျှောက်ထား၏။ ဘုရားသခင်လည်း ခွင့်ပြုတော်မူ၏။

တဟိယအကြိမ်

WWW.DHAMMARANSI.COM


ဝါတွင်း လေးလပတ်လုံး ဘုရားအမှူးရှိသော သံဃာတော်တို့အား အလှူကြီးပေးလှူ၏။ နောက်ဆုံးနေ့တွင် သင်္ကန်းလျာပုဆိုးတို့ကို ပေးလှူ၏။ ဝါအငယ်ဆုံးဖြစ်သော သံဃာနဝကရဟန်းတို့သည်ပင်လျှင် အဖိုးကသိန်း ထိုက်သော သင်္ကန်းလျာကို ရ၏။ ရဟန်းတို့၏ သပိတ်တွင် ဆေးများကိုလည်း အပြည့်ပေးလှူ၏။

ဤသို့ ပေးလှူခြင်းတွင် မြေဖိုးကိုးကုဋေပေးရ၏။ ကျောင်းဆောက်ရာတွင် ကိုးကုဋေ ကုန်ကျ၏။ ကျောင်း ပူဇော်ပွဲတွင် ကိုးကုဋေ ကုန်၏။ စုစုပေါင်း နှစ်ဆယ့်ခုနစ် ကုဋေ ကုန်သော အသပြာတို့ကို လှူဒါန်း၏။

မိန်းမသားဘဝ မိစ္ဆာဒိဋ္ဌိအိမ်၌နေပြီး ဤမျှ စွန့်ကြဲလှူဒါန်းခြင်းသည် ဝိသာခါမှတပါး အခြား မိန်းမ တစုံတယောက်မျှ မရှိချေ။

## ဝိသာခါ၏ သီချင်းသံ

ဝိသာခါသည် ကျောင်းပူဇော်ခြင်း၏ နောက်ဆုံးည၌ ဝမ်းမြောက်လွန်း လှသဖြင့် သားသမီး မြေးအပေါင်း ခြံရံလျက် သီချင်းငါးပုဒ်ကို သီဆို၍ ကျောင်းများသို့ လှည့်လည်၏။

ထိုသီချင်း ငါးဂါထာမှာကား-

၁။ ဘယ်သောခါများ၊ မြတ်စွာဘုရား၊ သံဃာကိန်းအောင်း၊ တိုက်ကျောင်း ပြာသာဒ်၊ မွန်အမြတ်ကို၊ ဆတ်ဆတ်ကြည်ဖြူ၊ ပေးလှူနိုင်ရန်၊ အဖန်ဖန်ပင်၊ဘဝများစွာ၊ ကြံခဲ့ပါသည်၊ ယနေ့မှာကား၊ ဆန္ဒပြည့်ဝ၊ လှူဒါန်းရပြီ၊ဝမ်းမြောက်လေစွ၊ ဝမ်းမြောက်လှ။

WWW.DHAMMARANSI.COM


၂။ ဘယ်သောခါများ၊ ကျောင်း အသုံးဆောင်၊ ညောင်စောင်း အင်းပျဉ်၊ ဘုံလျှိ ခေါင်းအုံး၊ (ကျောင်းသုံးပစ္စည်း)အသီးသီးကိုနှစ်လိုကြည်ဖြူ၊ ပေးလှူနိုင်ရန်၊ အဖန်ဖန်ပင်၊ ဘဝ များစွာ၊ ကြုံခဲ့ပါသည်၊ ယနေ့မှာကား၊ ဆန္ဒပြည့်ဝ၊ လှူဒါန်းရပြီ၊ ဝမ်းမြောက်လေစွ၊ ဝမ်းမြောက်လှ။

၃။ ဘယ်သောခါများ၊ အမဲသားငါး၊ ရောထား ချက်ပြုတ်၊ နို့သာ ကြိုင်မွှေး၊ သလေး ထမင်း၊ (ဆွမ်းဟင်းစီမံ၊ ပေးလှူရန်ကို) အဖန်ဖန်ပင်၊ ဘဝများစွာ၊ ကြုံခဲ့ပါသည်၊ ယနေ့မှာကား၊ ဆန္ဒပြည့်ဝ၊ လှူဒါန်းရပြီ၊ ဝမ်းမြောက်လေစွ၊ ဝမ်းမြောက်လှ။

၄။ ဘယ်သောခါများ၊ ကာသိကရာဇ်၊ တိုင်းဖြစ် ပုဆိုး၊ အမျိုးမျိုးနှင့်၊ အဖိုးထိုက်လှ၊ပြည်ခေါ်မမှု၊ နူးညံ့လုစွာ၊(သင်္ကန်းလျာကို)ပေးလှူနိုင်ရန် အဖန်ဖန်ပင်၊ဘဝများစွာ၊ကြုံခဲ့ပါသည်၊ ယနေ့ မှာကား၊ ဆန္ဒပြည့်ဝ၊ လှူဒါန်းရသည်၊ ဝမ်း မြောက်လေစွ၊ ဝမ်းမြောက်လှ။

၅။ ဘယ်သောခါများ၊ ပျားရည်လူးသည့်၊ ဆီဦး ထောပတ်၊(ဆေးအမြတ်ကို) ပေးအပ်ကြည်ဖြူ၊ လှူဒါန်းနိုင်ရေး၊ ဖန်ဖန်တွေးခါ၊ ဘဝများစွာ၊ ကြုံခဲ့ပါသည်၊ ယနေ့မှာကား၊ ဆန္ဒပြည့်ဝ၊ လှူဒါန်းရပြီ၊ ဝမ်းမြောက်လေစွ၊ ဝမ်းမြောက် လှ။

တတိယအကြိမ်

WWW.DHAMMARANSI.COM


## ရဟန်းအပေါင်းတို့ လျှောက်ထားခြင်း

ဝိသာခါ၏ သီချင်းသံကို ကြားလေလျှင် ရဟန်းအပေါင်းတို့သည် တခါမျှ မကြုံဘူး မကြားဘူးကြသဖြင့် တအံ့တဩဖြစ်ကာ ဘုရားသခင်ထံ မေးလျှောက်ကြကုန်၏။

ဘုရားသခင်က "ချစ်သား ရဟန်းတို့၊ ငါ၏ သမီးတော် ဝိသာခါသည် သီချင်းဆိုသည်မဟုတ်၊ ဘဝများစွာ တောင့်တလာခဲ့သောဆုတောင်းပတ္တနာသည် ပြီးဆုံးခြင်းသို့ရောက်လေ၍ ဝမ်းမြောက် ရွှင်လန်း၊ ဥဒါန်းကျူးရင့် လှည့်လည်ခြင်းသာဖြစ်ပေသည်"ဟု မိန့်တော်မူ၏။ ရဟန်းတို့က အဘယ်အခါ၌ ဤဆုတောင်းခဲ့ပါသနည်းဟု လျှောက်သည် ရှိသော် ဘုရားသခင်သည် အတိတ်ကို ဆောင်တော်မူ၏။

## ဝိသာခါ၏ ရှေးဆုတောင်း

ဤဘဒ္ဒကမ္ဘာမှ သင်္ချာရေ အတွက် အထက်ကပ် တသိန်းမြောက်၏ အဆက်၌ ပဒုမုတ္တရ ဘုရားလက်ထက်တွင် တဦးသော အမျိုးသမီးသည် ဘုရားသခင်နှင့် အကျွမ်းဝင်သည်ကို မြင်လေလျှင် မြတ်စွာဘုရားထံ"တပည့်တော်မ ဤဆုကိုပန်ဆင်ပါက ရနိုင်ပါ၏လော"ဟု မေးလျှောက်၏။ ဘုရားသခင်က "ရနိုင်ပေ၏" မိန့်တော်မူလျှင် ဘုရားသခင်နှင့် တကွ တသိန်းသော သံဃာတော်တို့ကို ခုနစ်ရက် ပတ်လုံး ဆွမ်းအလှူကို လှူဒါန်းပြီး နောက်ဆုံးနေ့၌ သင်္ကန်းလျာတို့ကိုလှူဒါန်းပြီးသော် ဘောင့်တအပ်သော ဆုကို ဘုရားသခင်ထံ၌ တောင်း၏။

ပဒုမုတ္တရ ဘုရားသခင်က "ဒါယိကာမ၊ ဤကမ္ဘာမှ ကမ္ဘာတသိန်းတွင် ဂေါတမ မည်သော ငါ၏ ညီတော်ဘုရား ပွင့်တော်မူသည့် အခါ အသင်သည် ဂေါတမ ဘုရား၏ အထံ၌

WWW.DHAMMARANSI.COM


(ရှစ်ပါးသော ဆုမြတ်ကိုရ၍) မိခင်၏ အရာ၌ တည်ပြီးသော ကာလ ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းလုပ်ကျွေးကြကုန်သော ဒါယိကာမတို့တွင် အထွတ်အမြတ် ဖြစ်ပေလတံ့''ဟု ဗျာဒိတ် ထားတော်မူ၏။

ထိုဒါယိကာမသည် ဘုရားသခင်၏ ဗျာဒိတ်တော်စကားကို နက်ဖြန်ခါ၌ပင် ရတော့မည် ကဲ့သို့ အောက်မေ့ ထင်မှတ် ဝမ်းမြောက်ရွှင်လန်းစွာဖြင့် အသက်ရှည်သမျှ ကာလပတ်လုံး ကုသိုလ်ကောင်းမှုတို့ကိုပြုလုပ်၍ သေလွန်သည်ရှိသော် နတ်ပြည် လူ့ပြည်တို့၌ ကျင်လည်ခံစား၍ လာခဲ့ရာ-

## ကိုကီမင်း၏ သမီးတော်များဘဝ

ကဿပ ဘုရားရှင် လက်ထက်တော်တွင် ကိကီမင်းကြီး၏ သမီးတော်ခုနစ်ယောက်တို့တွင် အထွေးဆုံး သံဃာ့ဒါသီအမည် ရှိသောမင်းသမီးဖြစ်၍ ဒါနဒ္ဒာစရှိသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ပြီး ဆုတောင်း ပတ္တနာ တောင်းခံခဲ့ပြန်၏။

''နောက် လာလတံ့သော အနာဂတ်ဝယ် အရှင်မြတ်ကဲ့သို့သော ဘုရားရှင်၏ မိခင်အရာ၌ တည်ပြီးလျှင် ပစ္စည်းလေးပါး တို့နှင့် လှူဒါန်း လုပ်ကျွေးကြ ကုန်သော ဒါယိကာမ တို့တွင် အထွတ်အမြတ် ဖြစ်ရပါလို၏''ဟု ဆုပန်ခဲ့ပြန်၏။

ယခုဘဝ ဤဘဒ္ဒကမ္ဘာကိုယ် အတ္တဘော၏ အဖြစ်၌ မေဏ္ဍကာ သဌေး၏သား ဓနဉ္စယ သဌေး၏ချွေးမ အဖြစ်ဖြင့် ငါဘုရား၏ သာသနာတော်၌ များစွာကုန်သော ကုသိုလ် ကောင်းမှုတို့ကို ပြုစုအားထုတ်၏ဟု ဟောတော်မူပြီးနောက်-

ချစ်သားရဟန်းတို့၊ ငါ၏သမီးတော် ဝိသာခါသည် သီချင်း

WWW.DHAMMARANSI.COM

ဆိုသည် မဟုတ်၊ ဝမ်းမြောက် ရွှင်လန်းလှသဖြင့် ဥဒါန်းကို ကျူးရင့်ခြင်းသာဖြစ်ပေသည်။

ချစ်သား ရဟန်းတို့ "လိမ္မာ လှစွာသော ပန်းသည်သည် များစွာသောပန်းတို့ကို စုပုံ၍ ဆန်းကြယ်စွာသော ပန်းကုံးကို ပြုသကဲ့သို့ ဝိသာခါသည်လည်း အထူးထူးအပြားပြားများစွာ ကုန်သော ကုသိုလ် ကောင်းမှုတို့ကို ပြုခြင်းငှာ စိတ်ညွှတ်လေ၏ဟု-

(၅၃) ယထာ ပိ ပုပ္ဖရာသိမှာ၊
ကယိရာ မာလာဂုဏေ ဗဟူ။
ဧဝံ ဇာတ ေတန မစ္စေန၊
ကတ္တဗ္ဗံ ကုသလံ ဗဟုံ။

(၅၃) အပွင့် အငုံ ခိုင်ရုံ ရောပြွံ ပန်းအစုမှ လိမ္မာလှစွာသော ပန်းသည်သည် များစွာကုန်သော ပန်းကုံးတို့ကိုသီကုံးသကဲ့သို့ ထို့အတူ အမိဝမ်းဝယ် စွဲလန်း သန္ဓေတည်နေတတ်သော တွေဝေမိန်းမော နစ်မြော၍ သေတတ်သော သတ္တဝါသည် ပစ္စည်းဥစ္စာတည်းဟူသော ပန်းအစုမှ များစွာသော ကုသိုလ်ပန်းကုံးတို့ကိုပြုလုပ်အပ်၏။

ဤဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပန် စသည်သို့ ရောက်ကြကုန်၏။

(ဓမ္မပဒ ပုပ္ဖဝဂ် ရှစ်ခုမြောက် မိဂါရမာတာ၊ဝိသာခါဝတ္ထု၊ ခေတ်မီ ဓမ္မပဒ ဒုတိယတွဲ စာမျက်နှာ ၁၁၆)

ကတိယအကြိမ်

WWW.DHAMMARANSI.COM

# တောဒဂ်ရ ကုမာရကဿပ မယ်တော်ဝတ္တု



WWW.DHAMMARANSI.COM

# ကိုယ့်ကိုယ်ကိုသာ ကိုးကွယ်ရာ

(ကုမာရ ကဿပ မယ်တော် မထေရ်မ ဝတ္ထု)

မိမိသာလျှင်
မိမိ၏ ကိုးကွယ်ရာအစစ် ဖြစ်၏။
မိမိမှတပါး ကိုးကွယ်ရာ မရှိ၊
မိမိကိုယ်ကို
ကောင်းစွာ ဆုံးမမှ
ကိုးကွယ်ရာ ရ၏။

(သူတပါးတို့ နတ်ရွာ မဂ်ဖိုလ် ရသည်ကို မိမိတောင်းယူ၍ မရကောင်း၊ မိမိကိုယ်တိုင် ကျင့်ကြံအားထုတ်မှသာ ရနိုင်မည်၊ သူတပါးက မတတ်နိုင်)

ဤဒေသနာတော်ကို ဇေတဝန်ကျောင်း၌ ကုမာရကဿပ၏ မိခင် မထေရ်မကို အကြောင်းပြု၍ ဟောတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

ရာဇဂြိုဟ်မြို့ကြီး၌ ချမ်းသာကြွယ်ဝသော သဌေးသမီးသည် သိကြား လိမ္မာသော အရွယ်မှစ၍ မိဘတို့ထံ ရဟန်းအဖြစ်ကို ရပါရန် တောင်းပန်၏။ မိဘတို့က ခွင့်မပြုပဲ အရွယ်ရောက်လာလျှင် အိမ်ထောင်ချ၏။ ထိုအခါ လင်ယောကျ်ားကို အိမ်ဦးနတ်အသွင် ရိုသေစွာ လုပ်ကျွေး၏။ မကြာမီ သဌေး အိမ်၌ ကိုယ်ဝန်တည်၏။ မိမိ၌ ကိုယ်ဝန်တည်ကြောင်းကို မသိပဲ လင်ယောကျ်ားကို ရဟန်းပြုရပါမည့် အကြောင်းခွင့်တောင်း၏။

WWW.DHAMMARANSI.COM


လင်ဖယောက်ျားသည် များစွာသော ပူဇော်သက္ကာရဖြင့် ဘိက္ခုနီမကျောင်း၌ ရဟန်းပြုပေး၏။ ထိုဘိက္ခုနီမကျောင်းသည် အရှင်ဒေဝဒတ်၏ အသင်းအဖွဲ့ဖြစ်၏။

ကိုယ်ဝန်အတွက် အခက်ကြုံ

နောင်အခါ၌ ကိုယ်ဝန်ရှိသည်ကို သိ၍ အရှင်ဒေဝဒတ်က (ထိုရဟန်းမိန်းမကို လူထွက်စေလော့)ဟု ပြောလိုက်၏။

ထိုသဌေးသမီး ရဟန်းမိန်းမငယ်က "ငါသည် သီလကျိုးပေါက်ခြင်းမရှိ၊ ငါသည် အရှင်ဒေဝဒတ်ထံ ရဟန်းပြုသည် မဟုတ်၊ ငါ့ကို မြတ်စွာဘုရားထံသာ ပို့ကြပါ"ဟု ပြော၏။

မြတ်စွာဘုရားသည် ထိုရဟန်းမိန်းမငယ်အား လူ့ဘဝကပင် ကိုယ်ဝန်တည်ကြောင်း သိတော်မူသော်လည်း သူတပါး ကဲ့ရဲ့ ရှုတ်ချခြင်းမဖြစ်စေသောငှာ ကောသလမင်းကြီး၊ မဟာ အနာထပိဏ်သဌေးကြီး၊ စူဠ အနာထပိဏ်သဌေးကြီး၊ ဝိသာခါဥပါသိကာမနှင့် အခြားထင်ရှားသည့် သူတို့ကိုခေါ်စေပြီး ဥပါလိမထေရ်ကို "ချစ်သားဥပါလိ၊ ပရိသတ်အလယ်၌ ဤရဟန်းမိန်းမငယ်၏အမှုကို သုတ်သင်ရှင်းလင်းလော့" ဟု စေခိုင်းတော်မူ၏။

ဝိသာခါ၏ ရှင်းလင်းချက်

အရှင်ဥပါလိ မထေရ်သည် မင်းကြီး၏ ရှေ့တွင် တင်းထိမ်အကာအရံကို ဝန်းရံစေပြီး တင်းထိမ်၏ အတွင်း၌ ဝိသာခါဒါယိကာမအား ခြေလက်ချက်ဝန်း အစရှိသည်တို့ကို စစ်ဆေးပြီး လ, ရက်တို့ကို ရေတွက်မှတ်သားစေသော် လူ့ဘဝကပင် ကိုယ်ဝန် ရသည်အဖြစ်ကို သိ၍ ဝိသာခါက ပရိသတ်အလယ်၌ ထိုရဟန်းမိန်းမငယ်၏ စင်ကြယ်သည့် အဖြစ်ကို ဝန်ခံလေ၏။

တတိယအကြိမ်

WWW.DHAMMARANSI.COM


## ကောသလမင်းကြီးက မေးစားခြင်း

ထိုရဟန်း မိန်းမငယ်သည် ပဒုမုတ္တရ ဘုရား လက်ထက်၌ တောင့်တ ဆုတောင်းခဲ့သော တေဒဂ်ဘွဲ့ထူးရမည့် တန်ခိုးကြီး သောသားကို ဖွားမြင်၏။ ပသေနဒီ ကောသလမင်းကြီးသည် ဘိက္ခုနီမ ကျောင်းအနီးသို့ ရောက်သွား၏။ သူငယ်၏အသံကို ကြား၍ ဘိက္ခုနီမငယ်သားကိုဖွား၏ဟုသိသဖြင့် ကလေးငယ်ကို နန်းတော်သို့ဆောင်ယူပြီး နို့ထိန်းလက်၌ အပ်၏။ "ကဿပ" ဟူသော အမည်ကို ပေး၍ မင်းသားတို့အဆောင်အရွက်ကိုပေး သဖြင့် "ကုမာရကဿပ" ဟု သိကြကုန်၏။

## ကုမာရကဿပ ရဟန်းဘဝ

ထိုမင်းသားငယ်သည် ကစားရာ၌ သူငယ်တို့ကို ပုတ်ခတ်မိ၍ "အမိအဖမရှိသော သူငယ်" ဟု ပြောဆိုသံကြား၍ မင်းကြီး အားမေး၏။ မင်းကြီးလည်း လှည့်ပတ်ပြောဆို၏။ သူငယ် မယုံသည့်အဆုံး "အသင်၏ မိခင်သည် ရဟန်းမိန်းမတည်း" ဟု ဖွင့်ပြော၏။ မင်းသားသည် ထိုစကားကို ကြားကာမျှဖြင့် သံဝေဂရ၍ ရဟန်းပြုရန်တောင်းပန်၏။ ကုမာရကဿပမထေရ် ဟု ထင်ရှား၏။

## တဆယ့်ငါးရပ်ပြဿနာ

ကုမာရကဿပ မထေရ်သည် ဘုရားအထံမှ ကမ္မဋ္ဌာန်းကို သင်ယူပြီး တောသို့ဝင်၍ လုံ့လပြုကာ အားထုတ်ပါသော်လည်း တရားထူးကိုမရ၊ တဖန်မြတ်စွာဘုရားထံသွားပြီး ကမ္မဋ္ဌာန်းကို အထူးပြု၍ သင်ယူပြီး အမိုက်တော၌ တရားအားထုတ်ပြန်၏။

အမိုက်တော ဆိုသည်မှာ လူသူ မနီး တောကြီး မျက်မည်း ဖြစ်သည်။

ဘာတိယအကြိမ်

WWW.DHAMMARANSI.COM


ထိုအခါ ကဿပဘုရားရှင် လက်ထက်က အတူတကွ ရဟန်းတရား အားထုတ်၍ အနာဂါမိ ဗိုလ်သို့ ရောက်ပြီး ဗြဟ္မာ့ဘုံ၌ ဖြစ်နေသော ရဟန်းသည် ဗြဟ္မာ့ဘုံမှ ဆင်းသက်ပြီး ကုမာရကဿပအား တဆယ့်ငါးပါးကုန်သော ပြဿနာတို့ကို မေးပြီးသောအခါ ဤပြဿနာတို့သည် မြတ်စွာဘုရားမှတပါး ဖြေဆိုခြင်းငှာ မစွမ်းနိုင်၊ မြတ်စွာဘုရားထံ၌ ဤပြဿနာ၏ အနက်ကို သင်ယူချေလော့ဟု တိုက်တွန်း၏။ ကုမာရကဿပ မထေရ်သည် မြတ်စွာဘုရားထံ မေးလျှောက်၍ ဖြေဆိုသည်၏ အဆုံး၌ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

## မယ်တော်၏ မျက်ရည်

ကုမာရကဿပ မထေရ် ထွက်သွားသောနေ့မှစ၍ မယ်တော်ဖြစ်သော မထေရီမသည် တဆယ့်နှစ်နှစ်တို့ ပတ်လုံး ငိုကြွေး တမ်းတ၍ မျက်စိတို့မှ မျက်ရည်တို့သည် အစဉ်မပြတ် တစပ်တည်း ကျခဲ့ရ၏။

ငိုကြွေးသော မျက်နှာနှင့်ပင် ဆွမ်းခံထွက်ရာ မထေရ်ကို အဝေးမှ လှမ်းမြင်၍ "သား-သား-သား"ဟု အော်ဟစ်ကာ ပြေးလိုက်ယင်း လဲကျ၏။ လဲရာမှ ဘ႑န်ထပြီး အမြဲပြေးလိုက်၍ သား မထေရ်၏ ခြေကို ဖက်ကာ "သား-သား"ဟု ဒလစပ် ခေါ်နေ၏။ မထေရ်ဆင်ခြင်သည်မှာ-

"ငါ၏ မယ်တော်သည် ငါ့ထံမှ သာယာသော စကားကို ရခဲ့လျှင် ပျက်စီးရှာတော့မည်၊ ခက်ထန်စွာ မယ်တော်အား စကားပြောမှ သင့်တော့မည်"ဟု ကြံ၍-

"သင်သည် သာသနာတော်ထမ်း ရဟန်းဖြစ်ပါလျက် ချစ်ခြင်းမျှကိုဖြတ်တောက်ခြင်းငှာမစွမ်းနိုင်ပါသလော"ဟုပြော၏၊

WWW.DHAMMARANSI.COM



ဘိက္ခုနီမသည် ငါ့သားတော်၏စကားသည် ရက်စက်လေစွဟု စဉ်းစားပြီး-

"ချစ်သား ဘယ်လိုပြောလိုက်တာလဲ"ဟု မေး၏။ မထေရ်လည်း ရှေးနည်းအတိုင်းပင် ပြောဆိုသောကြောင့်-

"အော်....ငါသည် ဤသား အတွက် တဆယ့် နှစ်နှစ်တို့ ပတ်လုံး မျက်ရည် ကျခဲ့ရသည်။ ယခု သားငယ်၏ စကားမှာ ခက်ထန်ချေ၏။ ဤသားကြောင့် အဘယ်အကျိုးရှိအံ့နည်း"ဟု ကြံ၍ သား၌ ချစ်ခြင်းကို ဖြတ်လိုက်လျှင် ထိုနေ့၌ပင် အရဟတ္တ ဖိုလ်သို့ ရောက်လေ၏။

## ဘုရားသခင်သာ မကယ်ခဲ့လျှင်

တနေ့သောအခါ တရားသဘင်၌ ရဟန်းတို့က ပြောကြားကြသည်။ ပါရမီ အကြောင်းခံ ပြည့်စုံသော ကုမာရကဿပ မထေရ်နှင့် မယ်တော် ရဟန်းမိန်းမတို့သည် ဒေဝဒတ်ကိုသာ အားထားခဲ့လျှင် ရဟန်းမိန်းမဘဝမှ လူ့အဖြစ်သို့ ရောက်ပေရာ၏။ မြတ်စွာဘုရားသခင်သည်ကား ကုမာရကဿပမထေရ်နှင့် မယ်တော် ရဟန်းမတို့၏ ထောက်တည် မှီခိုရာ ဖြစ်လေသည်။ သတ္တဝါတို့ကို အစဉ်သနားတော်မူသော မြတ်စွာဘုရားသခင်တို့မည်သည် အံ့ဖွယ်ရှိလေစွဟု ပြောဆိုနေကြ၏။

မြတ်စွာဘုရားသခင် ကြွတော်မူလာ၍ မေးတော်မူလျှင် ဤအကြောင်း ဖြစ်ပါသည်ဟု လျှောက်ထားကြသောအခါ၊ ငါဘုရားသည် ယခုအခါ၌သာ မဟုတ်၊ ရှေးကလည်း ထိုသူတို့၏ ထောက်တည် မှီခိုရာ ဖြစ်ခဲ့ဖူးပြီဟု မိန့်တော်မူ၍ အတိတ်ဇာတ်ကို ဟောကြားတော်မူ၏။

ဗွာတိယအကြိမ်

WWW.DHAMMARANSI.COM


## အတိတ်ဝတ္ထု
## (နိဂြောဓ သမင်မင်း)

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုလတ်သော် ဘုရားအလောင်းသည် "နိဂြောဓရွှေသမင်" ဖြစ်လေ၏။ တကိုယ်လုံးသည် ရွှေအဆင်းကဲ့သို့၊ မျက်စိတို့သည် ပတ္တမြားကဲ့သို့၊ ဦးချိုတို့သည် ငွေအဆင်းကဲ့သို့၊ ခံတွင်းသည် ထွေးထွေးနီသော ကမ္ဗလာစုကဲ့သို့၊လက်ဖျား လက်များအဆုံး နားတို့၌ ချိတ်ရည်တို့ဖြင့် ချောမွေ့ထားသကဲ့သို့၊ အမြီးသည် စာမရီသားမြီးကဲ့သို့၊ ကိုယ်လုံးသည် မြင်းငယ်ပမာဏကဲ့သို့ရှိ၏။ ငါးရာသော သမင်တို့ အခြံအရံရှိ၏။

ထိုတောအုပ်၏ မနီးမဝေး၌လည်း ရွှေအဆင်း ကဲ့သို့သော ငါးရာသော သမင်အခြံအရံ ရှိသည့် "သာခ သမင်မင်း"သည် နေ၏။

### သမင်သားမှ စားလိုသူ

ဗာရာဏသီမင်းသည် သမင်သား မပါလျှင် ပွဲတော်ကိုမသုံး ဆောင်၊ တိုင်းပြည် အုပ်ချုပ်ရေးကို မလုပ်နိုင်ပဲ၊ တောရွာနေသူ တို့ကို စုရုံးပြီး သမင်လိုက်၍သာ နေ၏။ထိုသူတို့လည်း အလုပ် ပျက် အကိုင်ပျက် ဖြစ်နေကြ၏။

ကြာသော် ပြည်သူတို့သည် တိုင်ပင်၍ သမင်ကိုရှာဖွေရသည့် ကိစ္စ ငြိမ်းစေရန် ဥယျာဉ်တော်၌ သမင်တို့၏ အစာရေစာတို့ကို စီစဉ်ထားပြီး ဥယျာဉ်ခြံတို့ကိုလုံခြုံအောင် ပြု၏။လူသူ မြောက် မြားစွာ စုရုံးပြီး၊ တယူဇနာမျှလောက်သော အရပ်ကိုဝန်းရံ၍ တောခြောက်ပြီး ထုတ်ကြရမှ သမင်အပေါင်းတို့ကို ဥယျာဉ် တော်သို့ အရောက်သွင်းကာ တံခါးတို့ကို မြဲမြံစွာ ပိတ်ထား၏။

WWW.DHAMMARANSI.COM


"နိဂြောဓသမင်မင်း"နှင့် အပေါင်းပါ ငါးရာ၊ "သာခ သမင် မင်း"နှင့် အပေါင်းပါ ငါးရာတို့သည် ဥယျာဉ်ထဲ၌ ပိတ်၍ မိကြ၏။

## တနေ့လျှင် သမင်တကောင်

လူတို့သည် ပြည့်ရှင်မင်းထံဝင်၍ သမင်တို့ကို ဥယျာဉ်တွင်း သွင်းထားပါပြီဟု လျှောက်ကြား၏။ မင်းကြီးသည် ဥယျာဉ်သို့ သွားရောက် ကြည့်ရှုပြီး ရွှေသမင်နှစ်ကောင်ကို ဘေးမဲ့ပေး၍ ကျန်သမင်တို့ကို တနေ့တကောင်ကျ သတ်စေ၏။ သမင်တို့သည် နေ့စဉ် ပစ်ခတ်ခြင်းခံရ၍ ကြောက်လန့်ပြီးနေကြရာမှ မကျန်း မမာဖြစ်ကာ အချို့သမင်တို့သည် သေကြကုန်၏။

ထိုအခါ ဘုရားလောင်းသမင်မင်းသည် သာခ သမင်မင်းကို ခေါ်ပြီး တိုင်ပင်၏။ နေ့စဉ် မြားပစ်ခတ်စေခြင်းဖြင့် များစွာ သော သမင်တို့ ကြောက်လန့်ပြီး ပျက်စီးကြရသည်။ ဤသို့ မဖြစ်ရအောင် အသတ်ခံရမည့်အလှည့်အတူတူ တနေ့လျှင် တကောင်ကျ လှည့်စင်း၍ ပေးကြမည်ဟု တိုင်ပင် ညှိနှိုင်းကြ၏။

## ကိုယ်ဝန်ဆောင်သမင်မ

ဤသို့ အလှည့်ကျ တနေ့လျှင် တကောင်ကျ လှည့်စင်း၍ ပေးလာခဲ့ရာမှ သာခသမင်အုပ်စုအလှည့်တွင် ကိုယ်ဝန်ဆောင် သမင်မ အသတ်ခံရန် အလှည့်ကျလေ၏။ သမင်မသည် ရင် သွေးငယ်၏ ဇောဖြင့် မွေးဖွားပြီးမှ အသတ်ခံပါရစေဟု သာခ သမင်မင်းကို တောင်းပန် သော်သည်း သင့်အလှည့် အတွက် အစားထိုးရန်မရှိဟု ငြင်းပယ်လိုက်၏။

တတိယအကြိမ်

WWW.DHAMMARANSI.COM



ထိုအကြောင်းကို ဘုရားအလောင်း နိဂြောဓ သမင်မင်း ကြားသိလေလျှင် ကိုယ်ဝန်ဆောင် သမင်မ၏ သောကကို ငြိမ်း စေ၍ ကိုယ်တိုင်ပင် သွားရောက်ကာ စဉ်းနှီးတုံး၌ ဦးခေါင်းကို ထား၍ လျောင်းအိပ်၏။ စားတော်ကဲသည် ဘေးမဲ့ ထားရာ ရွှေသမင်ကို မသတ်ဝံ့၍ အလျင်အမြန်ပင် မင်းကြီးအား သွား ရောက် လျှောက်ကြား၏။ ထိုခဏ၌ မင်းကြီးသည် အလျင်အမြန် ရထားဖြင့် ရောက်လာပြီး ဘုရားလောင်း သမင်မင်းကို ဘေးမဲ့ ပေးထားပါလျက် အဘယ့်ကြောင့် အသတ်ခံရန် ရောက်လာပါ သနည်းဟု မေး၏။ ဘုရားလောင်း သမင်မင်းက-

"မြတ်သောမင်းကြီး၊ ကိုယ်ဝန်ရှိသောသမင်မ တာဝန်ကျ၍ သူ့အလှည့်ကို အခြားသို့လွှဲပေးပါရန် တောင်းပန်၏။ ငါသည် ထိုသမင်မ၏ အသက်တချောင်းနှင့် နှစ်သက်သေရမည့် ဒုက္ခကို ကယ်လို၏။ ထိုသမင်မ၏အသက်ကို သူတပါးအား လွှဲပေးရန် လည်း မစွမ်းနိုင်၊ ငါသည် မိမိ၏အသက်ကို ပေးလှူ၍ သမင်မ ထံမှ သေခြင်းဒုက္ခကို ယူပြီး ဤသစ်တုံး၌ ခေါင်းအုံး၍ အိပ် လာပေသည်။

"မြတ်သောမင်းကြီး အခြားတပါး တစုံတရာ တွေးတော ယုံမှားခြင်း မရှိပါနှင့်"ဟု ပြော၏။

### သမင်များကို ဘေးမဲ့ပေးခြင်း

မင်းကြီးသည် ရွှေသမင်မင်း၏ မေတ္တာ ကရုဏာတို့ကို ချီး ကျူး၍ သမင်အားလုံးကို ဘေးမဲ့ ပေးလိုက်၏။ ရွှေသမင်မင်း၏ တရားကြောင့်ပင် မင်းကြီးသည် ခြေလေးချောင်း ခြေ နှစ်ချောင်းရှိသော သတ္တဝါတို့သာမက ရေ၌နေသော သတ္တဝါ တို့ကိုပါ ဘေးမဲ့ပေး၏။ ထိုနောက် ရွှေသမင်မင်းက မင်းကြီး

WWW.DHAMMARANSI.COM



အား ငါးပါးသောသီလတို့၌တည်စေပြီး တရားတော်ကို ဟော ကြားပြီး နှစ်ရက် သုံးရက်ပတ်လုံး ဥယျာဉ်၌ နေပြီး သမင် အပေါင်းခြံရံလျက် တောသို့ ဝင်လေ၏။

ထိုအခါမှစ၍ ဘေးမဲ့ရသော သမင်တို့သည် လူတို့စိုက်ပျိုး ထားသော ကောက်စပါးများကို ဝင်ရောက်စားကြ၏။ ဘေး မဲ့ရသဖြင့် လူတို့သည် သမင်တို့ကို မသတ်ဖြတ်နိုင်ကြကုန်။ လူ အပေါင်းတို့သည် မင်းရင်ပြင်၌ စုဝေးကြပြီး မင်းကြီးအား ထိုအကြောင်းကို ပြောကြား၏။

မင်းကြီးက ငါသည် နိဂြောဓ သမင်မင်းအား ကြည်ညို၍ ဤဆုကို ပေးခဲ့သည်။ ပြည်သူတို့ မနှစ်သက်က မင်းအဖြစ်ကို စွန့်မည်၊ ငါ့ကတိကိုမဖျက်၊ သွားကြလော့ သမင်တို့ကို သတ်ခွင့် မပြုနိုင်ဟု ပြောလိုက်၏။

နိဂြောဓသမင်မင်းသည် ထိုအကြောင်းကို ကြားလျှင် သမင် တို့ကို စည်းဝေးစေပြီး သူတပါးတို့ ကောက်စပါးကို မစားကြ ရန် ဆုံးမ၏။

လူတို့လည်း မိမိတို့စပါးခင်းတို့ကို စောင့်ရန်မလို၊ ပိုင်ရှင် ရှိသော စပါးခင်းတွင် သစ်ရွက် သစ်ခက်များ ထောင်ထားကြ ပါလော့ဟု အကြောင်းကြား၏။

ဇာတ်တော်ပေါင်းခြင်း

ဘုရားသခင်သည် ကေနိပါတ် ဤနိဂြောဓဇာတ်ကို ဟော တော်မူပြီး-

"ချစ်သားတို့ ထိုအခါ သာခသမင်သည် ဒေဝဒတ်ဖြစ်လာ ၏။ ကိုယ်ဝန်နှင့် သမင်မသည် ယခု ဤမထေရ်မ ဖြစ်လာ၏။ သားငယ် သမင်သည် ကုမာရ ကဿပ မထေရ် ဖြစ်လာ၏။

WWW.DHAMMARANSI.COM


နိဗ္ဗာန သမင်မင်းသည် ငါဘုရားဖြစ်လာ၏ဟု ဇာတ်တော်ကို ပေါင်း၍-

"ချစ်သားတို့....သူတပါးတွင် နတ်ရွာဂတိတည်း ဟူသော လဲလျောင်းရာ၊ မဂ်ဖိုလ်တည်းဟူသော လဲလျောင်းရာ ရသည်ကို မိမိရယူခြင်းငှာ မတတ်ကောင်း၊ မိမိကိုယ်တိုင် ကျင့်ကြံ အား ထုတ်မှုသာလျှင် မိမိ၏ မှီခိုရာဖြစ်၏။ သူတပါးသည် မည်သို့ တတ်နိုင်မည်နည်း"ဟု မိန့်တော်မူပြီး-

(၁၆၀) အတ္တာဟိ အတ္တနော နာထော၊
ကော ဟိ နာထော ပရော သိယာ။
အတ္တနာ ဟိ သုဒန္တေန၊
နာထံ လဘတိ ဒုလ္လဘံ။

(၁၆၀) မိမိကိုယ်သည်သာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏။ မိမိမှ တပါးသော အဘယ်သူသည် မိမိကိုးကွယ်ရာ ဖြစ်အံ့ နည်း။ မိမိကိုယ်သည် ကောင်းစွာပဲ့ပြင်ပြီး၍ ရခဲလှ စွာသော မဂ်ဖိုလ်တည်းဟူသော ကိုးကွယ်ရာကို ရ၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေ၏။

(ဓမ္မပဒ အတ္တဝဂ် လေးခုမြောက် ကုမာရကဿပမယ်တော် ဝတ္ထု၊ ခေတ်မီ ဓမ္မပဒ တတိယတွဲ စာမျက်နှာ ၃၅၆)။

⁕ ⁕ ⁕

ဂုဏဝိသေသ အကြောင်း

WWW.DHAMMARANSI.COM



## အရှင်ကုမာရ ကဿပ မထေရ် ဝတ္ထု

(အကြောင်းဆိုက်သဖြင့် တပါတည်း အပြည့်အစုံ သိရှိနိုင်ကြရန် မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ "ပထမပိုင်း"မှ အကျဉ်းချုပ်၍ ဖော်ပြအပ်ပါသည်။)

## ရှေးဆုတောင်း

ပဒုမုတ္တရ မြတ်စွာဘုရားထံတွင် "ဆန်းကြယ်သော တရားစကား ဟောကြားကြသော ရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံးတေဒဂ်ရာထူး"ဆုကိုပန်ဆင်ခဲ့ရာ ပဒုမုတ္တရမြတ်စွာဘုရားသည် ပြည့်စုံမည်ကို မြင်တော်မူ၍ ဗျာဒိတ်တော်မြတ် ချမှတ်ခြင်း ခံယူ ရရှိခဲ့သည်။

## တောင်ထိပ်တက်၍ ရဟန်းတရား အားထုတ်ကြခြင်း

ကဿပမြတ်စွာဘုရား လက်ထက်တွင် ဘုရားသခင် ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ရဟန်းပြုရာ သာသနာ ဆုတ်ယုတ်သော အခါနှင့်ကြုံကြိုက်၍ မြို့တွင်းရွာတွင်း၌နေလျှင် သာသနာအမှုကို ပြုနိုင်မည် မဟုတ်၊ တနေရာရာ၌ သွားရောက်၍ ရဟန်းတရား အားထုတ်ကြပြီး သံသရာ ဝဋ္ဋဒုက္ခမှ လွတ်မြောက်အောင် ပြုကြမည်ဟု အဖော်ရဟန်းများနှင့် တိုင်ပင်ခဲ့၏။

ရဟန်း ခုနစ်ပါးတို့ သဘောတူ ညီညွတ်ကြကာ အလွန် မြင့်သော တောင်တတောင်သို့ သွားရောက်ကြ၍ လှေကားဖြင့် တောင်ထိပ်သို့ တက်ရောက်ကြ၏။

တောင်ထိပ်သို့ရောက်လျှင် ထိုရဟန်းတော်ခုနစ်ပါးတို့အနက် အကြီးဆုံး ဖြစ်သော သံဃာမထေရ်ကြီးက မိမိတို့၏စိတ်ကိုနိုင်

WWW.DHAMMARANSI.COM

# တေဇော်ရ
# အရှင်ကုမာရကဿပ
## ရဟန္တာဖြစ်ဝတ္ထု



WWW.DHAMMARANSI.COM


သူများ လှေကားကို တွန်းချလိုက်ကြ၊ အသက်ကို တွယ်တာသူတို့ပြန်၍ ဆင်းကြ၊ နောင်အခါတွင် နှလုံးပူပန်ခြင်း မဖြစ်ကြနှင့်ဟု ပြောဆို၏။ ရဟန်းတော် ခုနစ်ပါးလုံးပင် စိတ်သဘောတူညီစွာ လှေကားကို တွန်းချပြီးလျှင် အသီးသီး တရားတော်ကို ကြိုးစား အားထုတ်ကြကုန်၏။

ရဟန်းတော် မထေရ်ကြီးသည် ငါးရက်မြောက်သောနေ့၌ အရဟတ္တဖိုလ်သို့ ရောက်၏။ ထိုနောက်ဆင်ခြင်တော်မူ၍ တန်ခိုးဖြင့် မြောက်ကျွန်းမှ ဆွမ်းကို ယူဆောင်တော်မူခဲ့ပြီး အဖော်ရဟန်း ခြောက်ပါးတို့အား ဆွမ်းဘုဉ်းပေးရန် ဖိတ်ကြား၏။

"ဆွမ်းအတွက် ငါ့တာဝန်ရှိပါစေ၊ ကမ္မဋ္ဌာန်းအလုပ်ကိုသာ အားထုတ်ကြကုန်လော့"ဟု အားပေးစကား ပြောကြား၏။ ရဟန်းတော် ၆ ပါးစလုံးက ငြင်းပယ်ကြ၏။ သံဃာ့ထေရ်ကြီးသည် အန်ညီးနည်းပြောဆို၍ လက်မခံသည့်အဆုံး၌ ချမ်းသာရာ အရပ်ဝယ် ဆွမ်းဘုဉ်းပေး၍ ကြွသွားတော်မူလေ၏။

ဒုတိယ အနုထေရ်သည် ခုနစ်ရက်မြောက်နေ့၌ အနာဂါမိဖိုလ်သို့ရောက်၏။ ရှေးမထေရ်ကြီးနည်းတူပင် မြောက်ကျွန်းမှ ဆွမ်းကို ယူဆောင်၍ ဖိတ်မန်ပါသော်လည်း ကျန်ငါးပါးက လက်မခံသည့်အဆုံး၌ အလိုရှိရာအရပ်သို့ ကြွရောက်တော်မူလျက် ထိုဘဝမှ စုတေသော် သုဒ္ဓါဝါသဗြဟ္မာ့ဘုံ၌ ဖြစ်လေ၏။

## ရဟန်းတော် ငါးပါး၏ ဘဝ

ကျန်သောရဟန်းတော် ငါးပါးတို့သည် ထိုဘဝ၌ မဂ်ဖိုလ်တရားထူးကို မရကြပဲ စုတေကြလေသော် ကဿပဘုရားရှင်နှင့် ဂေါတမ ဘုရားရှင်တို့အကြား လူ့ပြည်နတ်ပြည်တို့၌ ကျင်လည်ကြပြီး ဂေါတမဘုရားရှင် ပွင့်တော်မူသော ကာလဝယ် (၁)

ဗုဟိယအကြိမ်

WWW.DHAMMARANSI.COM


တယောက်သည် တက္ကသိုလ်ပြည်၌ ပုက္ကုသာတိ မင်းဖြစ်လာ၏။ (၂) တယောက်သည် မဇ္ဈိမန္တိကတိုင်းဝယ် ပရိဗိုဇ်မ၏သား သုပ္ပိ ယပရိဗိုဇ်ဖြစ်လာ၏။ (၃) တယောက်သည် ဗာဟိယသူ ကြွယ်ဖြစ်လာ၏။ (၄) တယောက်သည် ရာဇဂြိုဟ်ပြည်၌ ကုမာရ ကဿပ ဖြစ်လာ၏။ (၅) တယောက်သည် မလ္လတိုင်းအနုပီယ မြို့ဝယ် မလ္လမင်းသား ဒဗ္ဗအမည်ဖြင့်ဖြစ်လာ၏။

## ဘိက္ခုနီမမှ ဖွားမြင်ခြင်း

ရာဇဂြိုဟ်ပြည်၌ သဌေးသမီး တဦးသည် သာသနာတော် ၌ ကြည်ညို၍ မိဘတို့ထံဘိက္ခုနီမ ပြုခွင့်တောင်း၏။ ခွင့်မပြုပဲ အိမ်ထောင်ချပေး၍လင်ယောကျ်ားအိမ်သို့လိုက်သွားရပြီးကုမာ ရ ကဿပ အလောင်းအလျာကို ကိုယ်ဝန်ရှိခဲ့၏။ ကိုယ်ဝန်ရှိ သည်ကို မသိပဲ လင်ယောကျ်ားထံ ခွင့်ပန်၍ ခွင့်ပြုချက်ရသဖြင့် ဘိက္ခုနီမတို့ထံ ရဟန်းပြုခဲ့၏။

## ရဟန်းဘောင်မှ နှင်ထုတ်ခြင်း

ဘိက္ခုနီမတွင် ကိုယ်ဝန်ပေါ်၏။ ရှင်ဒေဝဒတ်၏ လက် အောက်ခံဖြစ်၍ ရဟန်းဘဝမှ ရှင်ဒေဝဒတ်က ပစ်ပယ်၏။ မြတ် စွာဘုရား၊ သခင်ထံ ဝင်ရောက် လျှောက်ထားရာ အရှင် ဥပါလိ ကို စစ်ဆေးဆုံးဖြတ်စေ၍ ကောသလမင်းကြီး၊ အနာထပိဏ်၊ ဝိသာခါ ကျောင်းအမကြီးတို့အား ဥပါလိက လွှဲအပ် စစ်ဆေး စေလျှင် ရဟန်းဘောင်မရောက်ခင်က၊ကိုယ်ဝန်ဖြစ်ကြောင်း ထင် ရှား၍ အပြစ်မရှိသဖြင့် ရဟန်းဘောင်၌ နေစေ၏။

မြတ်စွာဘုရား၏ ကရုဏာတော်ဖြင့် ကယ်တင်ခြင်းကိုရဟန်း အပေါင်းတို့က ချီးကျူးပြောဆိုကြသောအခါ မြတ်စွာဘုရား သခင်သည် နိဂြောဓသမင် ဇာတ်ကို ဟောကြားတော်မူ၏။

WWW.DHAMMARANSI.COM



သူငယ် မွေးဖွားလျှင် ပသေနဒီ ကောသလမင်းကြီးက နန်းတော်သို့ ယူဆောင်ပြီး မင်းသား အဆောင်အယောင် ထား၏။ အမည်ကို ''ကဿပ''ဟု ပေး၏။ မင်းသားငယ် ကဿပ ကုမာရ ကဿပဟု ခေါ်တွင်ကြ၏။

ရှင်ရဟန်းပြုခြင်း

ကဿပ ခုနစ် နှစ်အရွယ်လောက်ရှိသောအခါမြတ်စွာဘုရား ထံ ပို့ဆောင်ကာ ရှင်ပြုပေး၏။

ရှင်ဖြစ်သော အချိန်မှစ၍ ဝိပဿနာ ကမ္မဋ္ဌာန်းကိုလည်း အားထုတ်တော်မူ၏။ ပိဋကတ်တော်ကိုလည်း သင်ကြားတော်မူ၏။

အနာဂါမ်ဗြဟ္မာမင်း၏ အထောက်အပံ့

ထိုအခါကဿပမြတ်စွာဘုရား လက်ထက်ကအတူတကွတရား အားထုတ်၍ အနာဂါမိဖိုလ်သို့ ရောက်ပြီးသုဒ္ဓါဝါသဘုံ၌ ဖြစ်နေသော မဟာဗြဟ္မာကြီးသည် ဆင်ခြင်သည်ရှိသော် အရှင်ကုမာရ ကဿပသည် ဝိပဿနာအလုပ်၌ ပင်ပန်းလျက်နေသည်ကို မြင်၍ မဂ်ဖိုလ်ရောက်ကြောင်းလမ်းကြောင်းသို့ပို့ရန်ကြံစည်ကာ ပြဿနာတဆယ့်ငါးချက်ကို စီရင်၏။

အရှင်ကုမာရ ကဿပသည် အန္ဓဝန်တောအုပ်၌ တရားထိုင်နေစဉ်ဗြဟ္မာကြီးသည် အရောင်အဝါဖြင့် ထင်ရှားပြ၏။ အဘယ်သူနည်းဟု မေးလေလျှင် ကဿပဘုရားရှင် လက်ထက်က အတူတကွ တရားအားထုတ်၍ အနာဂါမိဖိုလ်သို့ရောက်သော သုဒ္ဓါဝါသဘုံ၌ ဗြဟ္မာကြီးဖြစ်နေကြောင်း ပြောပြပြီးနောက် အရှင်ရဟန်းအား မေးခွန်းဆယ့်ငါးခုမေးလို၍ လာပါသည်ဟု ပြောပြီး-

WWW.DHAMMARANSI.COM


၁။ ဤတောင်ပို့သည်

၂။ ညဥ့်၌ အခိုးလွှတ်၏

၃။ နေ့၌ မီးဟုန်းဟုန်းတောက်၏

၄။ ဆရာပုဏ္ဏားက

၅။ ပညာရှိ တပည့်

၆။ ဓား လက်နက်ယူ၍

၇။ အဖန်ဖန် တူးလော့ဟု ပြောဆို၏။ တပည့်သည် တူးလတ်သော်

၈။ တံခါးကျည် မင်းတုပ်ကို တွေ့မြင်ရသဖြင့် အရှင် မင်းတုပ်ပါတည်းဟု ပြောဆို၏။ ဆရာပုဏ္ဏားက မင်းတုပ်ကို ဖယ်၍ ဓားဖြင့် အဖန်ဖန်တူးလော့ဟု ပြောဆို၏။ တပည့်သည် ဓားဖြင့် အဖန်ဖန်တူး သော်

၉။ ဥဒ္ဓုမာယိက ဖားကို တွေ့မြင်၍ ဆရာပုဏ္ဏားကို ပြော၏။ ဆရာပုဏ္ဏားက ဖားကိုဖယ်ပစ်၍ ဓားဖြင့် အဖန်ဖန် တူးလော့ ဟု ပြော၏။ တပည့်သည် ဆက်၍ တူးလေသော်-

၁၀။ လမ်းနှစ်ခွကို တွေ့မြင်၍ ဆရာကိုပြော၏။ လမ်း နှစ်ခွကိုဖယ်ပစ်လော့၊ ဓားဖြင့် ဆက်၍တူးလော့ဟု ပြော၏။ တပည့်သည် ဆက်၍ တူးသော်

၁၁။ ဆပ်ပြာရေစစ်ကို တွေ့ရ၏။ ဆပ်ပြာရေစစ်ကို ဖယ် လော့၊ ဆက်၍ တူးပါဟု ပြော၏။ တပည့်သည် ဆက်၍ တူးသော်-

WWW.DHAMMARANSI.COM


၁၂။ လိပ်ကိုတွေ့၏။ လိပ်ကိုဖယ်၍ ဆက်၍ တူးစေပြန်သော်
၁၃။ သံလျက်နှင့် စဉ်းနှီးတုံးကို တွေ့၏။ ဆရာက ဆက်၍ တူးစေသော်-
၁၄။ သားတစ်ကို တွေ့၏။ ဆက်၍ တူးသော်-
၁၅။ နဂါးကို တွေ့မြင်ရသဖြင့် ဆရာအား ပြော၏။ ဆရာပုဏ္ဏားနဂါးကို မထိနှင့် နဂါးအား ရှိခိုးခြင်းကို ပြုလော့ဟု ပြောဆို၏။

ဤကား ပြဿနာ ၁၅ရပ် ဖြစ်၏။

## ဝမ္မိကသုတ် ဒေသနာတော်

မဟာဗြဟ္မာကြီးက "ရဟန်း" ဤပြဿနာကို မြတ်စွာဘုရားမှတပါး ဖြေဆိုနိုင်မည့်သူ မရှိ၊ မြတ်စွာဘုရားအား လျှောက်ထား၍ မေးလော့ဟု ပြောပြီး ဗြဟ္မာကြီး ကွယ်လေ၏။

နောက်တနေ့ မိုးသောက်လျှင် အရှင်ကုမာရကဿပ မထေရ်သည် မြတ်စွာဘုရားအား လျှောက်ထား၏။ မြတ်စွာဘုရားသည် ဤသို့ ဖြေဆို၏။

၁။ တောင်ပို့ ဟူသည်မှာ ဤခန္ဓာကိုယ် ဖြစ်၏။
၂။ နေ့ခင်းက လုပ်ခဲ့သော အမှုကို ညဥ့်၌ အာရုံ ပြု၍ ကြံစည်စဉ်းစားခြင်းသည် ညဥ့်၌အခိုးလွှတ်ခြင်းဖြစ်၏။
၃။ ညဥ့်က ကြံစည်စဉ်းစားသည့်အတိုင်း နေ့၌ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ကို ပြုလုပ်ခြင်း၊ ပြောဆိုခြင်း၊ ကြံစည်ခြင်းတို့သည် နေ့၌ မီးဟုန်းဟုန်းတောက်ခြင်း ဖြစ်သည်။
၄။ ဆရာပုဏ္ဏား ဟူသည်မှာ မြတ်စွာဘုရားကို ဆိုလိုခြင်း ဖြစ်သည်။

WWW.DHAMMARANSI.COM


၅။ ပညာရှိတပည့်ဟူသည် ကျင့်ဆဲသေက္ခရဟန်းဖြစ်သည်။
၆။ ဓားလက်နက်ဟူသည် လောကီလောကုတ္တရာ ပညာကို ဆိုလိုသည်။
၇။ အဖန်ဖန်တူးခြင်းဟူသည် မဆုတ်မနစ်သော လုံ့လဖြင့် အားထုတ်ခြင်း ဖြစ်သည်။
၈။ တံခါးကျည် မင်းတုပ် ဟူသည်မှာ ပိတ်ဖုံးနေသော မသိမှု အဝိဇ္ဇာမောဟပင် ဖြစ်သည်။ "ဖယ်ပစ်လော့" ဆိုသည်မှာ အဝိဇ္ဇာမောဟကို ပယ်စွန့်လော့ဟုဆိုသည် "ပညာဓား"ကို ယူ၍ အဖန်ဖန် အားထုတ်လော့ဟု ဆိုလိုခြင်း ဖြစ်သည်။
၉။ ဥဒ္ဒုမာယိက ဖားဆိုသည်မှာ အားကြီးသော အမျက်ထွက်ခြင်းကို ဆိုလိုသည်။ "ပယ်ပစ်လော့"ဟူသည်မှာ အားကြီးသော အမျက်ထွက်ခြင်းကို ပယ်စွန့်လော့ဟု ဆိုခြင်း ဖြစ်၏။ "အဖန်ဖန် တူးလော့" ဆိုသည်မှာ အဖန်ဖန် အားထုတ်လော့ဟု အဓိပ္ပာယ်ရ၏။
၁၀။ လမ်းနှစ်ခွ ဟူသည်မှာ တွေးတောခြင်းနှင့် ယုံမှားခြင်း ဝိစိကိစ္ဆာကို ဆိုလိုခြင်း ဖြစ်သည်။ "လမ်းနှစ်ခွကို ဖယ်ပစ်လော့"ဟူသည် တွေးတော ယုံမှားခြင်းကို ပယ်စွန့်လော့ "အဖန်ဖန် တူးလော့" ဆိုသည်မှာ အဖန်ဖန် အားထုတ်လော့ဟု ဆိုလိုရင်း ဖြစ်သည်။
၁၁။ ဆပ်ပြာရေစစ် ဆိုသည်မှာ ဈာန် မဂ်ဖိုလ် တရားတို့ကို တားမြစ် ပိတ်ဆို့တတ်သည့်(၁)ကာမဂုဏ်တရားတို့၌ လိုချင်ခြင်းဟူသော ကာမစ္ဆန္ဒနီဝရဏ (၂)သူတပါး တို့ကိုပျက်စီးစေကြောင်းဒေါသဟူသောဗျာပါဒနီဝရ

WWW.DHAMMARANSI.COM


ဏ(၃)ကောင်းမှုလုပ်ငန်းတို့၌ ထိုင်းမှိုင်းခြင်း ဟူသော ထိနမိဒ္ဓနီဝရဏ(၄)ပြန့်လွင့်မှု နောင်တရမှုဟူသောဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ (၅)တွေးတောယုံမှားမှု ဟူသော ဝိစိကိစ္ဆာ နီဝရဏ၊ ဤနီဝရဏတရား ငါးပါးတို့ကို“ပယ်စွန့်လော့”ဟု ဆိုလိုသည်။ ပညာခေးဖြင့် အဖန်ဖန် တူးလော့ ဆိုသည်မှာ အဖန်ဖန် အားထုတ်လော့ဟု ဆိုလိုသည်။

၁၂။ “လိပ်” ဟူသည်မှာ ဥပါဒါန်တို့ အာရုံ ဖြစ်သည့် (၁)ဖောက်ပြန်ထွေပြားဖြစ်ပွားတတ်သည့် ရူပက္ခန္ဓာ၊ (၂)ခံစားတတ်သည့် ဝေဒနက္ခန္ဓာ၊ (၃) မှတ်သားတတ်သည့် သညာနက္ခန္ဓာ၊ (၄)ပြုပြင်တတ်သည့် သင်္ခါရက္ခန္ဓာ၊ (၅) အထူး သိတတ်သည့် ဝိညာဏက္ခန္ဓာ ဤ ဥပဒါနက္ခန္ဓာ ငါးပါးတို့၏ အမည်ဖြစ်သည် “လိပ်ကိုဖယ်ပစ်လော့”ဟူသည်မှာ ဥပါဒါန်တို့၏အာရုံဖြစ်သော ခန္ဓာငါးပါးတို့ကို ပယ်စွန့်လော့ဟု ဆိုသည်။
“အဖန်ဖန် တူးလော့” ဟူသည် အဖန်ဖန် အားထုတ်လော့ဟု ဆိုလိုရင်း ဖြစ်သည်။

၁၃။ သံလျက်နှင့် စဉ်းနီးတုံး ဆိုသည်မှာ အလိုရှိအပ် နှစ်သက်အပ်စိတ်ကိုဆွဲဆောင်တတ်လျက် တပ်မက်အပ်ကုန်သော စက္ခုဝိညာဏ်ဖြင့် သိအပ်သည့် အဆင်းမျိုးစုံ ရူပါရုံ၊ သောတဝိညာဏ်ဖြင့် သိအပ်သည့် အသံမျိုးစုံ သဒ္ဒါရုံ၊ ဃာနဝိညာဏ်ဖြင့် သိအပ်သည့် အနံ့မျိုးစုံ ဂန္ဓာရုံ၊ ဇိဝှာဝိညာဏ်ဖြင့် သိအပ်သည့် အရသာမျိုးစုံ ရသာရုံ၊

WWW.DHAMMARANSI.COM



ကာယဝိညာဏ်ဖြင့် သိအပ်သည့်အတွေ့အမျိုးစုံ ဖောဋ္ဌဗ္ဗာရုံ ဤကာမဂုဏ်ငါးပါးတို့ကို ဆိုလိုသည်။

"သံလျက်နှင့် စဉ်းနှီးတုံးကို ဖယ်ပစ်လော့ ဆိုသည်မှာ ဤကာမဂုဏ်ငါးပါးတို့ကို ပယ်စွန့်လော့၊ အဖန်ဖန်တူးလော့ဟူသည် အဖန်ဖန်အားထုတ်လော့ ဆိုလိုသည်။

၁၄။ သားတစ် ဟူသည်မှာ နှစ်သက်တပ်စွန်းခြင်း နန္ဒီရာဂ တဏှာဖြစ်သည်။ "သားတစ်ကို ဖယ်ပစ်လော့" ဟူသည် နန္ဒီရာဂတဏှာကို ပယ်ပစ်လော့ဟု ဆိုလိုသည်။ အဖန်ဖန် တူးလော့ ဆိုသည်မှာ အဖန်ဖန်အားထုတ်လော့ဟု ဆိုလိုရင်း ဖြစ်သည်။

၁၅။ "နဂါး" ဟူသည် ရဟန္တာဖြစ်သော ရဟန်း၏အမည်ဖြစ်သည်၊ နဂါးသည် တည်ရှိပါစေ၊ နဂါးကို မထိပါးလင့်၊ နဂါးအား ရှိခိုးခြင်း ပြုလော့ ဟူသော ဤစကားသည် ဤပြဿနာ၏ဆိုလိုရင်း အနက်အဓိပ္ပာယ်ဖြစ်သည် ဟု အကျယ်ဖြေကြားတော်မူ၏။

ဤသို့ ဖြေကြားတော်မူသည်နှင့် အရှင်ကုမာရကဿပသည် ဤဓမ္မိကသုတ္တန်ကို သင်ကြားပြီး အန္ဓဝန်တောအုပ်ကို ပြန်ကြွတော်မူ၍ အားထုတ်တော်မူရာ မကြာမီပင် အရဟတ္တဖိုလ်သို့ ရောက်တော်မူ၍ ရဟန္တာဖြစ်တော်မူပေ၏။

## တေဒဂ်ဘွဲ့ထူး ရတော်မူခြင်း

အရှင်ကုမာရကဿပသည် ရဟန္တာ ဖြစ်တော်မူပြီးချိန်မှ စ၍ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာယောကျ်ား၊ ဥပါသိကာမိန်းမ၊ ဤပရိသတ် လေးပါးတို့အား တရားဟောကြား

WWW.DHAMMARANSI.COM



တော်မူလျှင် အကြောင်း ဥပမာပေါင်းများစွာတို့နှင့် တန်ဆာဆင်၍ ဆန်းကြယ်သော တရားစကားကိုသာလျှင် ဟောကြားတော်မူလေသည်။

ထိုနောက် အရှင်ကုမာရကဿပသည် ပါယာသိမင်းအား တဆယ့်ငါးရပ် ပြဿနာတို့ဖြင့် တန်ဆာဆင်၍ ပါယာသိရာဇညသုတ္တန်ကို ဟောတော်မူသဖြင့် မြတ်စွာဘုရားသခင်က အရှင်ကုမာရကဿပ မထေရ်အား (စိတ္တကထိက တေဒဂ်) အဆန်းတကြယ် တရားစကား ဟောကြားသော အရာ၌ အသာဆုံး အမြတ်ဆုံးသော ရာထူး၌ ထားတော်မူလေသတည်း။

ဒုတိယအကြိမ်

WWW.DHAMMARANSI.COM

# တေဒဂိရ
# အရှင်ဒဗ္ဗမထေရ်

ခုနစ်နှစ်သားတန်ခိုးတော်ရှင်ရဟန္တာ



WWW.DHAMMARANSI.COM

# အရှင်ဒဗ္ဗမထေရ် ဝတ္ထု

(ဤတွင် အရှင်ကုမာရ ကဿပနှင့်အတူ တရားအားထုတ်ဘက် ရဟန်းငါးပါးတို့ လူ့ပြည်၊ နတ်ပြည် ကျင်လည်ကြပြီးနောက် ဂေါတမမြတ်စွာဘုရားလက်ထက်မှ ဝတ္ထုတော်များကို အကျဉ်းမျှ ဆက်လက်ဖော်ပြသွားပါမည်။)

## အရှင်ဒဗ္ဗမထေရ်၏ ရှေးဆုတောင်း

ပဒုမုတ္တရမြတ်စွာဘုရားလက်ထက် တေဒင်္ဂဆုထူးကိုပတ္ထနာ၍ ဗျာဒိတ်တော်ခံရသည်။

ကဿပ မြတ်စွာဘုရားလက်ထက် ရဟန်း ခုနစ်ပါး တရားအားထုတ်ရာ ထိုဘဝ၌ တရားထူးမရကြပဲ နတ်ပြည်လူ့ပြည်တို့၌ ကျင်လည်ခဲ့ကြ၏။

ဂေါတမဘုရားရှင်လက်ထက်တွင် မလ္လတိုင်း အနုပိယမြို့တွင် မလ္လမင်းတဦး၏ နန်းအိမ်၌ ပဋိသန္ဓေယူနေ၏။

မိခင်သည် သူငယ်ကို ဖွားမြင်ကာနီးသေဆုံးခဲ့၏။ အလောင်းကို သုသာန်တွင် ထင်းပုံ၌တင်ကာ မီးရှို့သဂြိုဟ်ကြရာ မိခင်၏ ဝမ်းသားလွှာသည် မီးရှိန်ဖြင့် နှစ်ခြမ်းကွဲ၍ သူငယ်သည် ရှေးဟောင်း ကောင်းမှုကြောင့် ကောင်းကင်သို့ လွင့်စင်ပျံတက်ကာ နေဇာမြက်ပုံပေါ်၌ကျသဖြင့် အဘွားက "ဒဗ္ဗ" ဟူ၍ အမည်ပေး၏။

## ခုနစ်နှစ်သားရဟန္တာ

ဒဗ္ဗသူငယ်ခုနစ်နှစ်အရွယ်တွင် ဘုရားရှင်သည် မလ္လတိုင်း အနုပိယမြို့ အနုပိယသရက်တော၌ သီတင်းသုံးတော်မူရာ ဖူးမြော်

WWW.DHAMMARANSI.COM


ကြည်ညိုလှ၍ အဘွားထံ ခွင့်တောင်း၏၊ မြေးငယ်ကို ရှင်ပြုပေးပါရန် မြတ်စွာဘုရားထံ လျှောက်ထား၏။

မြတ်စွာဘုရားသည် အနီးရှိရဟန္တာတပါးအား ရှင်ပြုပေးရန် မိန့်တော်မူ၏၊ ထိုရဟန်းသည် ဒဗ္ဗသူငယ်ကို ရှင်ပြုပေးရန် တစပဉ္စက ကမ္မဋ္ဌာန်းကို သင်ကြားပေး၏။ မင်္ဂဖိုလ်ရကြောင်း ရှေးကောင်းမှုနှင့် ပြည့်စုံသူ ဖြစ်သည့်အပြင် ကမ္ဘာတသိန်းထက်က ပဒုမုတ္တရ မြတ်စွာဘုရားထံ မဟာသာဝကဗောဓိဆုပန်ဆုတောင်း ဗျာဒိတ် ခံခဲ့သူဖြစ်သဖြင့် ပထမ ဆံအဝန်းကို ရိတ်ချစဉ်ပင် တစပဉ္စက ကမ္မဋ္ဌာန်းကို ဆင်ခြင်၍ သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဒုတိယ ဆံအဝန်းကို ရိတ်ချလိုက်သောအခါ သကဒါဂါမိဖိုလ်၌တည်၍ တတိယဆံအဝန်းကို ရိတ်ချလိုက်သောအခါ အနာဂါမိဖိုလ်၌ တည်ပြီးလျှင် ဆံအားလုံးကို ရိတ်ချလိုက်ခြင်းနှင့် အရဟတ္တဖိုလ်ကို မျက်မှောက် ပြုရခြင်း ဤနှစ်ပါးသည် မရှေး မနှောင်း တပြိုင်နက်ဖြစ်ကာ ရဟန္တာဖြစ်လေ၏။

## တာဝန်နှစ်ရပ် တောင်းခံခြင်း

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်သို့ ပြန်လည်ကြွတော်မူရာ အရှင်ဒဗ္ဗရဟန္တာမထေရ်လည်း လိုက်ပါတော်မူခဲ့ပြီး ဝေဠုဝန်ကျောင်းတိုက်၌ မြတ်စွာဘုရားနှင့်တကွ သီတင်းသုံးတော်မူ၏။

အရှင်ဒဗ္ဗရဟန္တာသည် မိမိ၏ရဟန်းအလုပ်ကိစ္စ ပြီးစီးသဖြင့် သံဃာ့ဝေယျာဝစ္စကို ပြုလုပ်ဆောင်ရွက်လိုသဖြင့် မြတ်စွာဘုရားထံ လျှောက်ထား၏၊ မြတ်စွာဘုရားသည် သာဓုကောင်းချီးပေးတော်မူ၍ အရှင်ဒဗ္ဗ၏ဆန္ဒတော်အတိုင်း (၁) သံဃာတော်များအတွက် နေရာခင်းသော ရဟန်းအဖြစ်သံဃာက အသိအမှတ်ပြုခြင်း၊ (၂) သံဃာတော်များ ဆွမ်းပင့်လျှင် အလှည့်ကျ ဆွမ်း

ခံရန် ညွှန်ကြားရသောရဟန်းဟု သံဃာတော်က အသိအမှတ်ပြုခြင်း၊ ဤသမ္မုတိ နှစ်ရပ်ကို အပ်နှင်းတော်မူ၏။

### ခုနစ်နှစ်အရွယ်နှင့် တန်ခိုးကြီးမြတ်သူ

ထိုနောက် အရှင်ဒဗ္ဗရဟန္တာကို ခုနစ်နှစ်အရွယ် ငယ်သူ ဖြစ်လျက် ကြီးမြတ်သော အရာဌာန ပဋိသမ္ဘိဒါပတ္တ၊ ဆဠာဘိညာ၊ တေဝိဇ္ဇရဟန္တာအဖြစ်၌တည်သဖြင့် မြတ်စွာဘုရားသည် ခုနစ်နှစ်အရွယ်၌ပင် ရဟန်းပဉ္စင်း ပြုစေသည်။

(ခုနစ်နှစ် အရွယ်နှင့် ရဟန္တာ ဖြစ်၍ အံ့သြဖွယ် တန်ခိုးတော်နှင့် ပြည့်စုံကြသော ပဏ္ဍိတ သာမဏေ၊ သံကိစ္စ သာမဏေ၊ သောပါက သာမဏေ၊ အရှင် သာရိပုတ္တရာ၏ ညီအငယ်ဆုံး ရှင်ရေဝတနှင့် အခြား ခုနစ်နှစ်သား ရဟန္တာတို့၏ အံ့သြဖွယ်ရာ တန်ခိုးတော်တို့ကို လက်ရွေးစင် ဓမ္မပဒ ဝတ္ထုတော် အမှတ် ၄ အဖြစ် "သာမဏေကျော်များ ဝတ္ထု" ကို တအုပ်လျှင် သုံးကျပ်နှင့် ဝယ်ယူ ဖတ်ရှု ကြည်ညိုနိုင်ကြပါသည်။)

အရှင်ဒဗ္ဗမထေရ်သည် ရဟန်းဖြစ်ပြီး အချိန်မှာ၍ ရာဇဂြိုဟ်ပြည်တွင်း၌ရှိသော ကျောင်းတိုက်ကြီး ၁၈တိုက်မှ ရဟန်းတော်တို့အတွက် (၁)အိပ်သောနေရာများကိုလည်း ခင်း၍ပေးတော်မူ၏။ (၂)သံဃာအတွက် ဒါယကာတို့ လှူဒါန်းသော ဆွမ်းကိုလည်း တာဝန်ယူ လက်ခံ၍ ထေရ်စဉ် မမှားရအောင် ညွှန်ကြားတော်မူ၏။

အာဂန္တု ရဟန်းတို့ အချိန်အခါမဲ့ ရောက်လာလျှင်လည်းကောင်း၊ အချို့ရဟန်းတို့က ဇီဝကသရက်ဥယျာဉ်၌နေလိုသည်၊ ထိုထိုသောကျောင်း၌နေလိုသည် စသည်ဖြင့် ဝေးလံသောအရပ်တို့ကို ပြောဆိုလျှင် အရှင်ဒဗ္ဗသည် မိမိတန်ခိုးဖြင့် မနောမယရုပ်

ကျွန်းဒိုပါအကြိမ်

WWW.DHAMMARANSI.COM



ပွဲား ကိုယ်များကို အဓိဋ္ဌာန်ပြု၍ ဖန်ဆင်း၏။ အရှင်ဒဗ္ဗ၏ကိုယ်ပွားတော် တပါးစီ တပါးစီသည် လက်ချောင်း၌ အဓိဋ္ဌာန်ပြုလျှင် လက်ချောင်းမှ မီးတိုင်ကြီးပမာ မီးတောက်ကာ လမ်းပြ၍ သွားပြီး ဤကား ညောင်စောင်းပါဘုရား၊ ဤကား အင်းပျဉ်ပါ ဘုရားဟု လျှောက်ထား နေရာခင်းပေး၍ မိမိကျောင်းသို့ ပြန်ကြွ၏။

(တန်ခိုး ဣဒ္ဓိပါတ်များအကြောင်း ဤစာအုပ်နောက်ဆက်တွဲ မှတ်သားဖွယ်များ၌ လေ့လာကြည့်ရှုပါ။)

## တေဒဂ်ဘွဲ့ထူး ရတော်မူခြင်း

ရာဇဂြိုဟ်ပြည်တွင်းရှိ ကျောင်းတိုက်ကြီးပေါင်း ၁၈ တိုက်တို့၌ အရှင်ဒဗ္ဗသည် ရဟန်းတော်များအတွက် ညောင်စောင်းခုတင်တို့ကို ဆေးကြောပွတ်တိုက်ခြင်း၊ အိပ်ရာနေရာ ခင်းခြင်း၊ ချီးရေသုံးရေ ဖြည့်တင်းခြင်း၊တံမြက်လှည်းခြင်းတို့ကို အရှင်ဒဗ္ဗ မပြုဘူးသည် မရှိ။

ဤသို့ အပင်ပန်းခံခြင်း၊စိတ်ရှည်ခြင်း၊စိတ်ရင်းကောင်းခြင်းတို့အတွက် နောက်တချိန်ဝယ် အရိယာ သံဃာတို့ အလယ်၌ မြတ်စွာဘုရားသခင်က (သေနာသန ပညာပက ဧတဒဂ်) သံဃာတော်အတွက် လိုလေသေးမရှိအောင် နေရာခင်းသောအရာတွင် အသာဆုံး အမြတ်ဆုံး ဘွဲ့ထူး ဂုဏ်ထူးကို ချီးကျူး မြှောက်ဆိုပေးအပ်တော်မူလေသည်။

## မထေရ်မြတ် အစွပ်စွဲခံရခြင်း

ဤမျှစိတ်ရင်းကောင်း၍လိုလေသေးမရှိ ရဟန်းတော်တပါးစီ တပါးစီ၏ အလိုဆန္ဒကို ဖြည့်စွမ်းပေးနေသည့် အကြားမှ

WWW.DHAMMARANSI.COM

အရှင်ဒဗ္ဗမထေရ်အား ရဟန်းဆိုးတစုတို့က မေတ္တိယာမည်သော ဘိက္ခုနီမနှင့် မဟုတ် မတရား စွပ်စွဲကြသေးသည်။

ထိုသို့စွပ်စွဲခံရခြင်းမှာ ကိုးဆယ့်တစ်ကမ္ဘာထက်ဝိပဿီမြတ်စွာ ဘုရားလက်ထက်တွင် ရဟန္တာတပါးကို မဟုတ်မတရား စွပ်စွဲခဲ့သောမကောင်းမှုအကုသိုလ်ကံကြောင့် ခံခဲ့ရခြင်းဖြစ်လေသည်။

## ပရိနိဗ္ဗာန်စံခြင်း

တနေ့တွင် ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံကြွ၍ ဆွမ်းဘုဉ်းပေးပြီး ဝေဠုဝန်ကျောင်းတော်သို့ရောက်လျှင် အချိန်ကာလကို ပိုင်းခြား၍ သမာပတ်ဝင်စားတော်မူပြီး မိမိ၏ အာယုသင်္ခါရ သက်တမ်းကိုကြည့်ရှုဆင်ခြင်တော်မူသော် မိမိ၏သက်တမ်းသည် အချိန်ပိုင်းမျှသာ ကျန်တော့သည်ကိုသိမြင်လျှင်မြတ်စွာဘုရားထံ ဆည်းကပ်၍ ပရိနိဗ္ဗာန် စံတော့မည့် အကြောင်း လျှောက်ထား၏။ မိမိ၏ ကမ္ဘာတသိန်းကြာ ကာလပတ်လုံး ပြုခဲ့၊ဖြစ်ခဲ့သမျှ ကုသိုလ်ကောင်းမှုတို့ကို လျှောက်ထားပြီး ယခုဖူးမြော်ခြင်းသည် နောက်ဆုံး ဖူးမြော်ခြင်း ဖြစ်ပါသည် ဘုရား ဟု လျှောက်ထားလေလျှင် မြတ်စွာဘုရားဝန်းကျင်ဝယ် ရှိကြသော ပုထုဇဉ် ရဟန်းတို့မှာ ငိုကြွေးကြလေသည်။

## တန်ခိုးပြာဋိဟာများ

မြတ်စွာဘုရားသခင်သည် မေတ္တိယဘုမ္မဇကရဟန်းတို့ပြစ်မှားစွပ်စွဲမှုကို သဒ္ဒါကြည်ညိုမှုဖြစ်စေပြီး ထိုသူတို့၏စီးပွားချမ်းသာအလို့ငှာ အရှင်ဒဗ္ဗပရိနိဗ္ဗာန် မစံဝင်မီ တန်ခိုးပြာဋိဟာ ပြတော်မူလိုသော ဆန္ဒကို သိရှိ၍ တန်ခိုးပြာဋိဟာပြရန် မိန့်တော်မူ၏။

အရှင်ဒဗ္ဗမထေရ်သည် ကိုယ်တော် တပါးတည်းက ကိုယ်ခွဲအများအပြားကို ဖန်ဆင်းခြင်း၊ အများကြီးက တပါးတည်း

ကတကိုယ်အဖြစ်

WWW.DHAMMARANSI.COM



ဖြစ်ခြင်း၊ ကိုယ်တော်ကို ထင်ရှားရာမှ ပျောက်ကွယ်ခြင်းစသော သာဝကတို့ဆိုင်ရာ တန်ခိုးပြာဋိဟာ အားလုံးတို့ကို ပြတော်မူပြီးနောက် မြတ်စွာဘုရားကို ရှိခိုး ဝတ်ပြုပြန်လေသည်။

ထိုနောက်တဖန် ကောင်းကင်သို့ပျံတက်၍ ထိုကောင်းကင်၌ မြေကြီးကို ဖန်ဆင်း ပြီးလျှင် မြေကြီးပေါ်၌ ထိုင်နေတော်မူလျက် တေဇောကသိဏ (ပါဒက) စျာန်ကို ဝင်စားပော်မူလေသည်။ ထိုစျာန်မှ ထပြီးသော် မိမိကိုယ်ကို တေဇောဓာတ်မီး တောက်လောင်ရန် အဓိဋ္ဌာန်တော်မူလေသဖြင့် တကိုယ်လုံး မီးဟုန်းဟုန်းတောက်၍ မထေရ်မြတ်၏ကိုယ်၌ မီးသွေးမျှပင်မကျန်ကြွင်းစေပဲ အဓိဋ္ဌာန်၏ အစွမ်းကြောင့် အလုံးစုံ လောင်ကျွမ်းပြီးလျှင် ငြိမ်းလေ၏။

(မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ ပထမပိုင်းမှ အကျဉ်းချုပ် ဖော်ပြအပ်ပါသည်။)

WWW.DHAMMARANSI.COM

# ဗာဟိယဒါရုစီရိယ မထေရ်ဝတ္ထု

(ကဿပဘုရားလက်ထက် တောင်ပေါ်၌ တရားကျင့်ဘက် ငါးဦးအနက် တဦးဖြစ်သော မထေရ်၏ ဝတ္ထုကို ဓမ္မပဒဝတ္ထုတော်ကြီးမှ အကျဉ်း ဆက်လက် ဖော်ပြအပ်ပါသည်။)

အကျိုးမရှိသော ဂါထာတထောင်ကို ကြားနာရသည်ထက် အကျိုးရှိသော ဂါထာတပုဒ်သည် မွန်မြတ်လှ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

သစ်သားပျဉ်ချပ်ငယ်တို့ကို ကြိုးဖြင့်သီ၍ အရှက်ကိုလုံအောင် ဖုံးရုံမျှ ဝတ်ဆင်ပြီး အိုးခြမ်းခွက်ငယ်ကို လက်ဆွဲလျက်ရှိသူကို ထိုခေတ်က ခြိုးခြံစွာကျင့်သည့် ရဟန္တာတပါး ဟူ၍ ကိုးကွယ် ဆည်းကပ်ကြ၏။

အမှန်မှာ ထိုသူသည် ဗာဟိယတိုင်းမှ သူကြွယ်တဦး ဖြစ်၍ သုဝဏ္ဏဘူမိသို့ ကုန်သင်္ဘောဖြင့် ကူးသန်းရောင်းဝယ်ရန် သွားရာမှ ပင်လယ်တွင်း၌ သင်္ဘောပျက်ပြီး ပျဉ်တချပ်ကို တွယ်မိ၍ အသက်မသေပဲ သုပ္ပါရကဆိပ်ကမ်း၌ဘင်လေ၏။ အဝတ်အစား မရှိ၍ လှေပျက်မှ ပျဉ်ချပ်များကို ခါးတွင်သီ၍ ရစ်ပတ်ပြီး ခွက်တခုဖြင့် ထမင်းတောင်းရန် မြို့တွင်းသို့အဝင် ထိုမြို့မှ သူများက ခြိုးခြံစွာကျင့်သော ရဟန္တာတပါးဟုဆည်းကပ်ကိုးကွယ်ကြ၏။ ဗာဟိယမြို့သားသည်အစားရှောင်၍ရဟန္တာယောင်ဆောင်ပြီး နေလေတော့၏။

ဗာဟိယဒါရုစီရိယဟု အမည်တွင်၏။

ဗာဟိယအကြွင်း

# တေဇဝ်ရ
# ဗာဟိယ ဒါရုစီရိယ
# မထေရ်

WWW.DHAMMARANSI.COM



၃/၅

ဒုတိယအကြိမ်

WWW.DHAMMARANSI.COM



ထိုဗာဟိယမြို့သားမှာ ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်တော်ဒေဂါရာထူးကို ပတ္တနာ၍ ဗျာဒိတ်တော်ခံရသည်။

ကဿပ မြတ်စွာဘုရား လက်ထက် တောင်ထိပ်၌ တရားအားထုတ်ရာ တရားထူး မရသေးပဲ ကောင်းမှု ကုသိုလ်များကြောင့် နတ်ပြည် လူ့ပြည် စံရ၏။

ဂေါတမ ဘုရားရှင်လက်ထက်တွင် သုပ္ပါရကမြို့၌ သောင်တင်၍ ရဟန္တာ အယောင် ဆောင်သော ဗာဟိယဒါရုစီရိယဖြစ်လာ၏။

အနာဂါမ် မဟာဗြဟ္မာကြီးသည် ဆင်ခြင်ကြည့်ရှုလိုက်သော် တရားကျင့်ဖော် ရဟန်းတပါးမှာ အယူမှားကာ ကိုယ့်ကိုယ်ကို ရဟန္တာထင်နေသည်ကို တွေ့မြင်ရသဖြင့် ကိုယ်ထင်ပြကာ အရှင်ဂေါတမဘုရားပွင့်တော်မူကြောင်း ပြောကြား၏။ ပါရမီဓာတ်ခံရင့်သန်ပြီးသော ဗာဟိယဒါရုစီရိယပရိဗိုဇ်သည် ထိုစကားကို ကြားလျှင် ကြားခြင်း တက်ကြွသောစိတ်ရှိသဖြင့် ယူဇနာ တရာ့နှစ်ဆယ် ဝေးကွာသော ခရီးကို တညဥ့်အိပ်ဖြင့် အပြင်းသွားရောက်၍ နံနက် ဆွမ်းခံဝင်ချိန်တွင် သာဝတ္ထိပြည်သို့ဆိုက်ရောက်သည်။

မြတ်စွာဘုရားသခင်သည် ဗာဟိယ လာသည်ကို သိတော်မူမြင်တော်မူ၏။ သို့သော် ထိုသူသည် ရင့်ကျက်ခြင်းသို့ မရောက်သေးသောကြောင့် ဆွမ်းခံကြွတော်မူ၏။

ဗာဟိယသည် ဇေတဝန်ကျောင်းတော်သို့ သွား၏။ မြတ်စွာဘုရားကို ရှာ၏။ ရဟန်းတော်များက မြို့တွင်းသို့ ဆွမ်းခံကြွတော်မူသည်ဟု ဖြေကြား၏။ ခရီးဝေးမှ လာခဲ့သဖြင့် ထိုင်၍ နားပြီး

WWW.DHAMMARANSI.COM



ခြေများကို ဆေးကြော ဆီဖြင့် လိမ်းကျံ၍ အပန်းဖြေပါဦးဟု ရဟန်းတော်များက ပြော၏။

ဗာဟိယသည် မစောင့်နိုင်ပဲ အမြန်ပင်ဆွမ်းခံကြွရာမြို့တွင်းသို့ လိုက်၏။ လမ်းခရီးတွင် အတုမရှိသော ကျက်သရေတော်ဖြင့် တင့်တယ်တော်မူသော ဘုရားရှင်ကို မျက်နှာချင်းဆိုင်၌ ဖူးတွေ့ ရလေ၏။

ဗာဟိယသည် အလွန်ဝမ်းမြောက်သောပီတိဖြင့် ဘုရားရှင်ကို ငါးပါးသောရှိခိုးခြင်းဖြင့်ရှိခိုး၍ခြေဖမိုးတော်ကိုကိုင်ပြီး တရားတော်ကို ဟောကြားပါရန် တောင်းပန် လျှောက်ထား၏။

မြတ်စွာဘုရားက "ဆွမ်းခံကြွဆဲ အခါဖြစ်၍ တရားဟောရန် အချိန်မဟုတ်သေး" ဟု မိန့်ဆိုဖယ်ရှားတော်မူ၏။ ဤသို့ဖယ်ရှား ခြင်းမှာ ဗာဟိယသည် ခရီးဝေးမှ ပြင်းပြစွာ လာရသဖြင့် ကိုယ်ရော စိတ်ပါ ပင်ပန်း နွမ်းနယ် နေသည်က တကြောင်း၊ ဘုရားရှင်ကိုဖူးတွေ့ရ၍ ပီတိစိတ်များလွှမ်းမိုးနေ၍ တကြောင်း၊ စိတ်၏ တည်ငြိမ်မှု မရသေး၍ ပယ်ရှားတော်မူခြင်းဖြစ်၏။

ဗာဟိယသည် နှစ်ကြိမ်မြောက် လျှောက်ထားပြန်၏။ ဘုရားသခင်သည် ပယ်ရှားတော်မူပြန်၏။

## ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ခြင်း

သုံးကြိမ်မြောက် ထပ်မံလျှောက်ထားမှ အကျဉ်းချုပ်တရား စကားကို ဟောကြားတော်မူလေ၏။

ဗာဟိယဒါရုစီရိယသည် ရှေးက ဆည်းပူးခဲ့သော ပါရမီ အဟုန်ဖြင့် အကျဉ်းမျှ ဟောကြားတော်မူသည်ကို အကျယ် သိမြင်၍ တရားတော်ကို နာကြားစဉ်ပင် သီလလေးပါးတို့ကို သုတ်သင် စင်ကြယ်စေ၍ ရရှိသော စိတ္တသမာဓိကို အမှီပြုကာ

WWW.DHAMMARANSI.COM



ဝိပဿနာတရားကိုတထိုင်တည်းမှာပင်ပွားများအားထုတ်သဖြင့် "လျင်မြန်သော မဂ်ဖိုလ်ပညာ အဘိဉာဏ်ရှိသူ" (ခိပ္ပာဘိညာ ပုဂ္ဂိုလ်) ဖြစ်သောကြောင့် ထိုခဏမှာပင် အာသဝေါတရား လေးပါးတို့ကို ကုန်ခန်းစေ၍ ပဋိသမ္ဘိဒါ လေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေ၏။ ထိုနောက် မြတ်စွာဘုရားထံ ရှင်ရဟန်း ပြုပေးပါရန် လျှောက်ထားသော အခါ သပိတ် သင်္ကန်းကို ရှာဦးလော့ဟု မိန့်တော်မူ၍ သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံ ဆက်၍ ကြွ၏။

## နွားငယ်ခံရ၍ အသက်ကုန်ခြင်း

ဗာဟိယသည်မြတ်စွာဘုရားနှင့်ခွဲခွာပြီး သာဝတ္ထိပြည်တွင်း၌ သပိတ်သင်္ကန်းကို လှည့်လည် ရှာကြံနေစဉ် သားသည် အမေ နွားမတကောင်သည် အပြေးလိုက်ကာ ငယ်၍ အသက်ကုန်ခြင်းသို့ ရောက်၏။

မြတ်စွာဘုရားသည် ဆွမ်းစားခြင်းကိစ္စ ပြီးဆုံး၍ သံဃာ အများနှင့် ထွက်ကြွတော်မူရာ အမှိုက်ပုံအနီးတွင် ဗာဟိယဒါရု စီရိယ၏ရုပ်အလောင်းကို တွေ့မြင်၍ ရဟန်းတို့အား ယူဆောင် စေပြီး မြို့မှ ထုတ်၍ မီးသင်္ဂြိုဟ်ကာ ဓာတ်တော်တို့ကို စေတီ တည်ထားစေ၏။

## ဧတဒဂ်ဘွဲ့ထူး ချီးမြှင့်ခြင်း

မြတ်စွာဘုရားသခင်သည်သာဝကတို့အား ပရိသတ်လေးပါး အလယ်၌ ဘွဲ့ထူး ဂုဏ်ထူးများ ချီးမြှင့်တော်မူရာတွင်-

"ရဟန်းတို့၊ ငါဘုရား၏တပည့် သာဝကဖြစ်ကုန်သော ထိုး ထွင်းသိမြင်နိုင်သည့် အသိဉာဏ်ရှိသည့် ရဟန်းအပေါင်းတို့တွင်

WWW.DHAMMARANSI.COM


ဤဗာဟိယဒါရုစီရိယသည် လွန်ကဲထူးမြတ်သူဖြစ်၏ဟု မိန့်တော်မူ၏။ (ခိပ္ပာဘိညာ ဧတဒဂ်ဘွဲ့ထူး)ကို ထားတော်မူ၏။

ဂါထာ တပုဒ်

ရဟန်းတို့က ဗာဟိယဒါရုစီရိယ၏ ရဟန္တာဖြစ်ပုံ လျင်မြန်ခြင်းကို တအံ့တသြ မေးမြန်း လျှောက်ထားလေရာ မြတ်စွာဘုရားက-

(၁၀၁) သဟဿမပိ စေ ဂါထာ၊
အနတ္ထပဒ သံဟိတာ။
ဧကံ ဂါထာပဒံ သေယျော၊
ယံ သုတွာ ဥပသမ္မတိ။

(၁၀၁) အကျိုးမရှိသော ဂါထာ တထောင်ကို နာကြားရသည်ထက် အကျိုးရှိသောဂါထာတပိုဒ်တပါဒသည် ကြီးကျယ်မွန်မြတ်လှပေ၏။

ဟု ဓမ္မပဒ ဂါထာတော်ကို ဟောကြားတော်မူ၏။

WWW.DHAMMARANSI.COM

# ပုက္ကုသာတိမင်းဝတ္ထု

(တောင်ပေါ်၌နှုတ်တရားအားထုတ်ဘက် ရဟန်းငါးဦးအနက် တဦးသည် ပုက္ကုသာတိမင်း ဖြစ်လာ၏။)

မဇ္ဈိမဒေသ၏အစွန်အဖျားတက္ကသိုလ်ပြည်၌ပုက္ကုသာတိမင်း အုပ်ချုပ်လျက်ရာ တက္ကသိုလ်ပြည်မှ ကုန်သည်များ ရာဇဂြိုဟ်ပြည်သို့ ရောက်လာကြပြီး ဗိမ္ဗိသာရမင်းထံ လက်ဆောင်ပဏ္ဏာများနှင့် အဖူးမြော်ဝင်ကြ၏။

ဗိမ္ဗိသာရမင်းကြီးသည်ကုန်သည်များနှင့်စကားပြောယင်းက ပုက္ကုသာတိမင်း၏ မင်းကျင့်တရားနှင့်အညီ ကျင့်ပုံ၊တိုင်းသူပြည်သားတို့အား ရင်ဝယ်သားကဲ့သို့ စောင့်ရှောက်ပုံ၊မိမိနှင့်သက်တူရွယ်တူ ဖြစ်ကြောင်းကို သိရှိ၍ ချစ်ခင် လေးစား သဖြင့် ကုန်သည်တို့အား ပုက္ကုသာတိမင်းနှင့် မိတ်ဆွေဖြစ်ရန် ဆောင်ရွက်ပေးဖို့ မိန့်ကြား၏။ ကုန်သည်တို့အားလည်း အကောက်ခွန်လွတ်ငြိမ်းခွင့်ပြု၍ တည်းခိုရန် အိမ်များပါပေး၏။ကုန်သည်တို့ တက္ကသိုလ်ပြည်သို့ ပြန်ရောက်၍ ပုက္ကုသာတိမင်းအား လျှောက်ထားကြလျှင် မမြင်ဘူးသော အဆွေတော် ဗိမ္ဗိသာရမင်းအား မေတ္တာ သက်ဝင် ချစ်ခင်လျက် ရှိပေ၏။

ရာဇဂြိုဟ်ပြည်မှကုန်သည်တို့ရောက်လာလျှင်တက္ကသိုလ်ပြည်၌ အခွန်လွတ်ငြိမ်းခွင့်ပြုသည့်အပြင် တည်းခိုရန် နေအိမ်နှင့် စားသောက်ဖွယ်များပါ ချီးမြှင့်၍ အပြန်တွင် ဗိမ္ဗိသာရမင်းထံ မေတ္တာစကား မှာကြားလိုက်၏။

**တတိယအကြိမ်**

# ပုက္ကုသာတိမင်း ဝတ္ထု

WWW.DHAMMARANSI.COM



၃/၆

၁၀/၈  (ဒုတိယအကြိမ်)

WWW.DHAMMARANSI.COM



## ထူးဆန်းသော ကမ္ဗလာ လက်ဆောင်

မင်းနှစ်ပါးတို့သည် တဦးနှင့်တဦး မေတ္တာ သဝဏ်လွှာဖြင့် ချစ်ကြည် ရင်းနှီးကြ၏။

တနေ့တွင် ပုက္ကုသာတိမင်းကြီးသည် အလွန်အဖိုးထိုက်တန် မွန်မြတ်သောကမ္ဗလာများရရှိ၍ အထပ်ထပ်သော ရတနာကြုတ်တို့တွင် ထည့်သွင်း၍(ရွှေမြို့တော်အလယ်တွင် ပရိသတ်အပေါင်း ရှေ့၌ ဖွင့်လှစ်စေလိုကြောင်း) မှာတမ်းရေး၍ အမတ်တို့အား ပို့စေ၏။

ဗိမ္ဗိသာရ မင်းကြီးသည် ပရိသတ် အလယ်၌ ဖွင့်လေရာ အဆင်းငါးပါးရှိသော အဖိုးမဖြတ်နိုင်သည့်အလွန်ကောင်းမြတ်သော ကမ္ဗလာရှစ်ထည်ကို တွေ့မြင်ကြရာ လူများအပေါင်းသည် တအံ့တသြ ချီးမွမ်းကြ၏။

ဗိမ္ဗိသာရ မင်းကြီးသည် ကမ္ဗလာ လေးထည်ကို မြတ်စွာ ဘုရားထံ ဆက်ကပ်လှူဒါန်း၏။

## အမြတ်ဆုံး ရတနာလက်ဆောင်

ဗိမ္ဗိသာရမင်းကြီးသည် ပုက္ကုသာတိမင်းထက် သာလွန်သော လက်ဆောင်ကို ကြံစည်စိတ်ကူး၏။ အမြတ်ဆုံးသောလက်ဆောင် ပေးလိုသဖြင့် အလျားလေးတောင်အနံတထွာရှိသည့်မပါးလွန်း မထူလွန်းသော ရွှေပြားကို ခတ်စေပြီးလျှင် နံနက် စောစော ဦးခေါင်းဆေးလျှော် ရေမိုးချိုး၍ ရှစ်ပါးသီလဆောက်တည်ပြီး နှံ့သာပန်းမာလ် ပန်ဆင်လိမ်းကျံမှု လုံးဝမပြုတော့ပဲ ရွှေခွက်ဖြင့် ဟင်းသပြဒါးကိုထည့်၍ ယူပြီး နန်းပြာသာဒ်အထက် လေသာ ဆောင်တွင် ရွှေပြား၌ အက္ခရာများကို ကိုယ်တော်တိုင်ရေးသား တော်မူ၏။

ဟတိယအကြိမ်

WWW.DHAMMARANSI.COM



မြတ်စွာဘုရား၏ဂုဏ်တော် ကျေးဇူးတော်ကိုလည်းကောင်း၊ တရားရတနာ၏ဂုဏ်ကျေးဇူးကိုလည်းကောင်း၊ သံဃာ့ရတနာ၏ ဂုဏ်ကျေးဇူးနှင့် ဝိပဿနာ ကမ္မဋ္ဌာန်း ကသိုဏ်း ပရိကံ အလုပ် စတင်တည်ဆောက်ပုံ၊ ဈာန်တရားအဘိညာဉ်တရားတို့ဖြစ်ပွားပုံ၊ ကမ္မဋ္ဌာန်းအလုပ်ကိုအရဟတ္တမဂ်တိုင်အောင် ရေးသား၍ အာနာ ပါနဿတိ ကမ္မဋ္ဌာန်းကို အကျယ်ရေးသားကာ ရတနာကြုတ် အဆင့်ဆင့်တွင် ထည့်၍ မင်းတံဆိပ် ခတ်နှိပ်ပြီး ပေးပို့စေ၏။

ပေးပို့ပုံမှာ ဗိမ္ဗိသာရမင်းကြီး၏ အာဏာတော် ပြန့်နှံ့ရာ နယ်ပယ်အဝန်းတွင် လမ်းများကိုခင်းကျင်း၍ မင်္ဂလာဆင်တော် ထက်တွင် ထီးဖြူတော်စိုက်တူပြီး တံခွန်ကုက္ကားများဖြင့် လက်ဝဲ လက်ယာတွင် ငှက်ပျောပင်ရှင်များ စိုက်စေ၍ တိုင်းကြပ်မြို့စား အဆင့်ဆင့် ကိုယ်တိုင် အသီးသီး တဆင့်တဆင့် သယ်ယူပေးပို့ ရမည်ဟု အမိန့်တော်မြတ်မှတ်၍ ခမ်းနားကြီးကျယ်စွာ စီစဉ်ပြီး ဤလက်ဆောင်တော်ကို မောင်းမမိဿံတို့ အလယ်၌ လက်မခံပဲ ပြာသာဒ်ထက်၌ တပါးတည်းသာ လက်ခံ စေချင်ပါသည် ဟု နှုတ်ဖြင့် တိတ်တဆိတ် မှာကြားလိုက်၏။

ပုက္ကုသာတိမင်းသည် မိမိပိုင်နိုင်ငံတော်၏နယ်စပ်မှ ထိုသို့ပင် ခမ်းနားကြီးကျယ်စွာ ကြိုဆိုပြီး၊ နှုတ်ဖြင့် မှာကြားလိုက်သည့် အမှာစကားအတိုင်း လက်ဆောင်တော်ကို ကိုယ်တိုင်ပင် ယူ ဆောင်၍ ပြာသာဒ်ထက်သို့ တက်ပြီး ပြာသာဒ်တွင်းသို့ တဦး တယောက်မျှ မဝင်စေရဟု အစောင့်အနေများ ချထားတော် မူ၏။

WWW.DHAMMARANSI.COM


## ပုက္ကုသာတိမင်း၏ ကြီးစွာသော ပီတိ

ပုက္ကုသာတိမင်းသည် မဇ္ဈိမဒေသတွင် ပေါ်ပေါက်သော ထူးမြတ်သည့် ရတနာ တမျိုးမျိုးပင် ဖြစ်လိမ့်မည်ဟု ကြိုတင် စဉ်းစားမိ၏။

လက်ဆောင်တော် ရတနာကြုတ်ကို အဆင့်ဆင့်ဖွင့်လှစ်ပြီး ရွှေပြားအလိပ်ကို တွေ့၍ ဖြန့်ကြည့်ရာ အက္ခရာ စာလုံးတို့မှာ နှစ်သက်ဖွယ်ရာ ညီညွတ်လှပပေစွတကားဟု အံ့ဩခြင်းဖြစ်ရာမှ အစ တလုံးမကျန် ဖတ်ရှုလေ၏။

မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတို့ကို ဖတ်ရှုစဉ်ပင် အားကြီးသော ပီတိသောမနဿ ဖြစ်ရ၏။ ဆက်၍ဖတ်ရန် မတတ်နိုင်ပဲ ဝမ်းသာခြင်းကို ငြိမ်သက်သည်အထိ စောင့်ဆိုင်းပြီးမှ တရားတော်၏ဂုဏ်ကိုဖတ်ရှု၏။ ရှေးနည်းတူပင် ကြီးစွာသောပီတိဖြစ်၍ ဆက်မဖတ်သေးပဲ စောင့်ဆိုင်းပြီးမှ သံဃာတော်၏ဂုဏ်ကျေးဇူးတို့ကို ဆက်၍ ဖတ်ရှုပြန်၏။

ပုက္ကုသာတိမင်းသည် ဘုရားဂုဏ် တရားဂုဏ် သံဃဂုဏ်တို့၌ ကြီးစွာသောကြည်ညိုခြင်း၊ ဝမ်းမြောက်ခြင်းဖြင့်ဖတ်ရှု၍အာနာပါနဿတိကမ္မဋ္ဌာန်းအခန်း ရောက်သောအခါ သဝဏ်လွှာပါ အတိုင်း နှလုံးသွင်း အားထုတ်သဖြင့် ရူပါဝစရ ဈာန်တို့ကို အပြည့်အစုံ ရရှိလေ၏။

မည်သူတယောက်မျှ ဝင်ထွက်ခွင့် မပေးပဲ အလုပ်အကျွေး လူငယ်တဦးသာ ဝင်ခွင့် ထွက်ခွင့်ပေးပြီး ဈာန်ချမ်းသာဖြင့်ပင် အဆက်မပြတ် အားထုတ်၍ နေခဲ့ရာ တဆယ့်ငါးရက်မျှ ရှိခဲ့လေသည်။

— ဗြာတိယအကြိမ်

WWW.DHAMMARANSI.COM



မှူးမတ်များနှင့်တိုင်းသူပြည်သားတို့ မင်းကြီးကို လုံးဝမတွေ့ မမြင်ရသဖြင့် ဗိမ္ဗိသာရမင်းက လက်ဆောင် ပဏ္ဏာဖြင့် ဖြားယောင်း၍ ငါတို့မင်းကြီးအား ဘယ်လိုများ ပြုလုပ်လေသနည်းဟု နန်းရင်ပြင်မှ ကြွေးကြော် ဟစ်အော်ကြလေ၏။

## ဈာန်ရပြီး ရဟန်းပြုခြင်း

မင်းကြီးသည် ဟစ်အော်သံကိုကြားလျှင် စဉ်းစား၍ အလုပ်အကျွေး လူငယ်အား သင်္ကန်းနှင့်မြေသပိတ်ကို ရှာဖွေဆောင်ယူစေခဲ့ပြီး သံလျက်ဖြင့် ဆံတော်တို့ကို ဖြတ်ပယ်ပြီး ငါ၏ဆံတော်တို့ကိုယူ၍ မင်းအဖြစ်ကိုပြုကြစေကုန်လော့ဟုပတ္တမြားဥသျှောင်နှင့်တကွ ဆံထုံးကို လေသာပြတင်းမှ ပရိသတ်အလယ်သို့ ပစ်ချလိုက်လေ၏။ လူအပေါင်းတို့သည် ငိုကြွေးကြ၏။

ပုက္ကုသာတိမင်းသည် မြတ်စွာဘုရားရှင်ကို ရည်စူး၍ ၊ရဟန်းပြုပါ၏ဟု နှုတ်မှမြွက်ဆိုကာ သင်္ကန်းတို့ကိုဝတ်ဆင်ပြီး သပိတ်ကို လက်ဝဲပခုံးစွန်း၌ ချိတ်ဆွဲလွယ်ဆောင်၍ တောင်ဝှေးကိုစွဲကိုင်ပြီး ပြာသာဒ်မှ ဆင်းသက်တော်မူခဲ့၏။

လူအပေါင်းတို့သည် မြင်ကြလျက်ပင် မသိကြ၊ နန်းပြာသာဒ်ထက်သို့တက်ကြည့်မှ မင်းကြီးမရှိမှန်း သိကြ၏။ လူအပေါင်းတို့သည် နောက်မှ ငိုကြွေး၍ လိုက်၏။ ပုက္ကုသာတိမင်းသည် မြေ၌ တောင်ဝှေးဖြင့် လမ်းကို ကန့်လန့်ဖြတ်ဆွဲပြီး ဤအရေးအသားကို ပျက်စီးအောင် ပြုသူအား မင်းအာဏာဖြင့် ဆုံးဖြတ်ရမည်ဟု အမိန့်တော်မှတ်ပေလျှင် လူအပေါင်းတို့သည် မကျော်ဖြတ်ဝံ့တော့ပဲ လူးလှိမ့်ငိုကြွေး ကျန်ရစ်ရှာကြကုန်၏။

တတိယအကြိမ်

WWW.DHAMMARANSI.COM



## ကေစာဂရိ တပါးတည်းသာ

ပုက္ကုသာတိသည် တလှဲတထပ်ပင်ရှိသော ဖိနပ်ကိုပင် မစီးပဲ သစ်ရွက်ထီးမျှမဆောင်းပဲ ခြေလျင်ခရီးဖြင့် လှည်းကုန်သည်တစု နောက်မှ လိုက်ပါသွား၏။ အလွန်သိမ်မွေ့နူးညံ့လှသော ပုက္ကုသာတိသည် လမ်းကလည်းကြမ်း၊ ပူလည်း ပူပြင်းလှသဖြင့် ခြေဖဝါးတပြင်လုံး ကွဲအက်ပေါက်ပြဲကာ ကြီးစွာသော ဝေဒနာ ခံစားရသည်။

လှည်းကုန်သည်တို့ နားနေကြရာအရပ် သစ်ပင် ခြေရင်း၌ ထိုင်ကာ ဈာန်ချမ်းသာဖြင့် အချိန်ကို ကုန်လွန်စေခဲ့သည်။ လှည်းကုန်သည်တို့သည် ရေနွေ့စဥ် ဆွမ်းများကို ကပ်လှူ၏။

## သာဝတ္ထိကို ကျော်၍

ဤသို့ဖြင့် သာဝတ္ထိပြည်အရောက်(၁၉၂)တရာကိုးဆယ့်နှစ် ယူဇနာ ခရီးကို ပေါက်ခဲ့ပြီး ဇေတဝန် ကျောင်းတိုက်တော် အနီးမှ ဖြတ်၍ သွားသော်လည်း ဗိမ္ဗိသာရမင်း၏ သဝဏ်လွှာကြောင့် ရာဇဂြိုဟ်ပြည်၌ပင် မြတ်စွာဘုရားရှင် ရှိတော်မူသည်ဟု ယူဆထားသဖြင့် နောက်ထပ် လေးဆယ့်ငါး ယူဇနာ ခရီးကို ဆက်၍ သွားခဲ့ရ၏။

ရာဇဂြိုဟ်ပြည်သို့ရောက်၍ ဘုရားရှင် အဘယ်၌ သီတင်းသုံးသည်ကို စုံစမ်းသောအခါ သာဝတ္ထိပြည်ခရီးကို လွန်၍ လာခဲ့ကြောင်းသိရ၏။ ယနေ့တည၌အချိန်မရှိ၍ ရာဇဂြိုဟ်ပြည်၌အိပ်ပြီး နက်ဖြန် မိုးသောက်မှ ဘုရားရှင်ရှိရာ သာဝတ္ထိသို့ သွားတော့မည်ဟု အနီးရှိ အိုးထိန်းသည် တဲကုပ်ကလေးတွင် တည်းခိုရန် ခွင့်တောင်း၍ တဲကုပ်တွင်းသို့ ဝင်၍ ထိုင်နေလေ၏။

WWW.DHAMMARANSI.COM


## မြတ်စွာဘုရားရှင် ကြွလာတော်မူခြင်း

မြတ်စွာဘုရားရှင်သည် ထိုနေ့ မိုးသောက်ထအခါ သတ္တလောကကို ကြည့်ရှုတော်မူလေလျှင် ပုက္ကုသာတိအမျိုးကောင်းသားကိုမြင်တော်မူ၍ငါဘုရားမသွားရောက်ခဲ့လျှင် အောက်ဖိုလ်သုံးပါးတို့သို့ မရောက်ရှာ မသိရှာပဲ ယနေ့ တညဥ့် လွန်လျှင် ကိုးကွယ်ရာမဲ့ သေခြင်းသို့ရောက်ရှာလိမ့်မည်။ငါသွား၍ သနားချီးမြှောက်မှုကို ပြုပေတော့အံ့ဟု ဆင်ခြင် ကြံစည်တော်မူ၏။

ယူဇနာ တရာကျော် ကျယ်ဝန်းသော တက္ကသိုလ်ပြည်ကြီးကို စွန့်ပစ်ကာ မျက်နှာသစ်ရေ ပေးမည့် အစေခံ သူငယ်ကလေး တယောက်မျှ မခေါ်ဆောင်ခဲ့ပဲ ငါဘုရားအား ရိုသေသမှုဖြင့် တကိုယ်တည်း ထွက်ခဲ့ရှာသည်ဟု မြတ်စွာဘုရား သခင်သည် သံဃာတော် တပါးပါးကိုမျှ မခေါ်ဆောင်ပဲ ကောင်းကင်ခရီးသို့လည်း ပျံတက်တော်မမူ၊ မြေပြင်ခရီးကိုလည်း ချုံ့တော်မမူပဲ လက္ခဏာတော်ကြီးငယ် ရောင်ခြည်တော် ခြောက်သွယ် စသော ဘုရား အသရေတော်တို့ကို ဖုံးအုပ်၍ မထင်ရှားသော ရဟန်း တပါးအသွင်ဖြင့် ကြွတော်မူ၍ နေဝင်စအချိန်တွင် ပုက္ကုသာတိ နေထိုင်ရာ တဲကုပ်အနီးသို့ ရောက်တော်မူလေ၏။

မြတ်စွာဘုရားသည် တဲကုပ်အတွင်း ရှိ အလျှင်ရောက်နှင့်သော ရဟန်းအား တညဥ့်တည်းခိုရန် ခွင့်တောင်း၍ ခွင့်ပြုချက်ရလျှင် အိုးကွဲများ၊ မြက်များ၊ ကောက်ရိုး ပြာများ၏ အကြားတွင် သီတင်းသုံးတော်မူ၏။

ပုက္ကုသာတိအမျိုးကောင်းသားသည်ထိုင်နေယင်းပင် အာနာပါန စတုတ္ထဈာန်ကို ဝင်စား၍နေ၏၊ မြတ်စွာဘုရားသည် ထိုင်

WWW.DHAMMARANSI.COM


နေတော်မူယင်း စတုတ္ထစျာန် ဖလသမာပတ်ကို ဝင်စားတော်မူ၏။

ညဉ့်သန်းခေါင်အချိန်၌ ပုက္ကုသာတိ၏ အာနာပါနစတုတ္ထစျာန်ဝင်စားမှုကို မြတ်စွာဘုရားသည် ကြည့်ရှု၍ ပုက္ကုသာတိ အမောပြေလောက်ပြီကို သိသဖြင့် စကားတော်ကို စတင်ပြောဆိုပြီး တရားတော်ကို တစတစ ဟောကြားတော်မူလေရာ ပုက္ကုသာတိ အမျိုးကောင်းသားသည် တရားတော်ကို နာကြားနေယင်းမြတ်စွာဘုရားသခင် ဖြစ်တော်မူသည်ကို သိရှိလာပြီး ဘုရားသခင်၌ ကြည်ညိုခြင်း၊တရားတော်၌ ကြည်ညိုခြင်းဖြင့် တရားတော်ကို နာကြားနေ၏။ တရားတော် ဟောကြားနေသည်ကို အနှောင့်အယှက်မဖြစ်လို၍ တစုံတရာ မလျှောက်ထားပဲ တရားတော်ကိုသာ နာကြားနေ၏။

အနာဂါမ် အရိယာဖြစ်ခြင်း

အရှင်ပုက္ကုသာတိသည် မိမိ၏ ရှေးကောင်းမှုအထောက်အခံကြီးမားသည့်အလျောက် ဘုရားရှင်၏အကျယ်ဖွင့်ဟဟောကြား၍ တရားအဆုံးသို့ ရောက်ရှိလျှင် အောက်ဖိုလ် သုံးပါးတို့ကို ဆိုက်ရောက်ကာ အနာဂါမ် အရိယာ ဖြစ်လေ၏။

တရားတော်ဆုံးသောအခါ မြတ်စွာဘုရားရှင်၏ ခြေတော်အစုံကို ဦးတိုက်ပြီး ညဉ့်ဦးက မြတ်စွာဘုရားကို “ငါ့ရှင်”ဟု ခေါ်ဝေါ် သုံးစွဲမိခဲ့သည့် အပြစ်ကို သည်းခံပါရန် လျှောက်ထား၏။ မြတ်စွာဘုရားက သည်းခံတော်မူပြီးနောက် အရှင်ပုက္ကုသာတိသည် ရဟန်းအဖြစ်ကို တောင်းပန်၏။ မြတ်စွာဘုရားက ကိုယ်ပိုင် သပိတ် သင်္ကန်းကို ရှာစေ၏။ အရှင်ပုက္ကုသာတိသည် ဝမ်းမြောက် ဝမ်းသာ သပိတ် သင်္ကန်းကို ရှာ၏။

WWW.DHAMMARANSI.COM


မြတ်စွာဘုရားသည် အဘယ်ကြောင့် တန်ခိုးတော်ဖြင့် သပိတ်သက်န်းရှာတော်မူပြီး ရဟန်းပြုမပေးသနည်းဆိုသော် ရဟန်းပြုပေးရန် အခါအခွင့်မရှိတော့သောကြောင့် ဖြစ်၏။

ဗိမ္ဗိသာရမင်းကြီး လာရောက်ပူဇော်ခြင်း

မြတ်စွာဘုရားသည် အရှင်ပုက္ကုသာတိ ထွက်သွားပြီးနောက် အရုဏ်တက်အချိန်၌ ရောင်ခြည်တော် ခြောက်သွယ် လွှတ်၍ မြို့သူမြို့သားတို့သည်ငါဘုရားကို မြင်ကြစေသတည်းဟု အဓိဋ္ဌာန်တော်မူရာ မြို့သူမြို့သားတို့ အုတ်အုတ် ကျက်ကျက် ဖြစ်ကြပြီး ဗိမ္ဗိသာရမင်းကြီးသိ၍ အိုးထိန်းသည် တဲကုပ်သို့ရောက်လာ၍ ဘုရားရှင်အား ရှိသေမြတ်နိုးစွာ ရှိခိုး၏။

ဗိမ္ဗိသာရမင်း လျှောက်ထားမေးမြန်း၍ ပုက္ကုသာတိ မင်းအားချီးမြှောက်ရန် ခြေလျင်လာရောက်၍ တရားဟောကြားရာယခုအခါ အနာဂါမ် အရိယာဖြစ်နေပြီဟု မိန့်တော်မူလေ၏။ ထို့နောက် သပိတ်သက်န်းရှာမှီးရန် သွားကြောင်းသိလျှင် ဗိမ္ဗိသာရမင်းသည် ရာဇဂြိုဟ်မြို့အတွင်း လိုက်၍ရှာစေ၏။

မြတ်စွာဘုရားသည် ကောင်းကင်ခရီးဖြင့် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ကြွရောက်တော်မူ၏။

ပုက္ကုသာတိမင်း စုတေခြင်း

ပံ့သကူစစ်စစ် ရှာမှီးလိုသောအကြံဖြင့် လမ်းကြားအမှိုက်ပုံတို့၌ ရှာဖွေရာ အတိတ်ဘဝရန်သူ ဘီလူးမ ပူးဝင်သည့် စိတ်ဖောက်ပြန်နေသော နွားမတကောင်သည် ပြေး၍ လာကာ ဦးချိုဖြင့် ဝှေ့လိုက်ရာ အရှင်ပုက္ကုသာတိသည် ကောင်းကင်သို့ လွင့်၍ အသက်ပျောက်ပြီးမှ မြေပြင်သို့ကျပြီး အမှိုက်ပုံပေါ်၌ မှောက်လျက်သားသော ရွှေစင်ရုပ်တုပမာ ဖြစ်ရှာလေတော့၏။

ဗြဟ္မာ့ပြည်နှင့်ဘုံ

WWW.DHAMMARANSI.COM



စုတေပျက်ကြွေ သေလွန်သော် အဝိဟာ ဗြဟ္မာ့ဘုံ၌ ဖြစ်ပြီး ကာလ မကြာမီအရဟတ္တဖိုလ်သို့ ရောက်ရှိကာ ရဟန္တာဗြဟ္မာကြီး ဖြစ်လေ၏။


ဗိမ္ဗိသာရမင်းသည် အလောင်းကိုတွေ့၍ ကောင်းစွာ ပြင်ဆင်ပူဇော်လျက် သင်္ဂြိုဟ်မှုကိုပြု၍ အရိုးဓာတ်များကို စေတီတည်ထားလေသတည်း။

(မဟာဗုဒ္ဓဝင် စတုတ္ထတွဲမှ အကျဉ်းချုပ်၍ ဖော်ပြအပ်ပါသည်။)

တတိယအကြိမ်

WWW.DHAMMARANSI.COM

# ဘဝဝဋ်ကြွေး ပြေးမလွတ်



၃/၇

တတိယအကြိမ်

WWW.DHAMMARANSI.COM

# ဘ၀ ဝဋ်ကြွေး ပြေး၍မလွတ်

ဗာဟိယဒါရုစီရိယနှင့် ပုက္ကုသာတိမင်းတို့ အဘယ်ကြောင့် နွားမဝေ့၍ စုတေကြရသနည်း။

နွားမဝေ့၍ စုတေကြရသူပုဂ္ဂိုလ်လေးဦးရှိ၏။ ပုက္ကုသာတိ အနာဂါမ်ပုဂ္ဂိုလ်၊ အရှင်ဗာဟိယ ဒါရုစီရိယ ရဟန္တာသူမြတ်၊ သုပ္ပဗုဒ္ဓ အနာကြီးရောဂါရှိသူနှင့် တမ္ဗဒါဌိက လူသတ်သမား လေးယောက်တို့ ဖြစ်ကြ၏။

ထိုလေးယောက်တို့သည် တခုသောဘဝတွင် သဌေးသား လေးယောက်တို့ဖြစ်ကြ၍ ပြည့်တန်ဆာမတယောက်ကို ဥယျာဉ်သို့ ခေါ်ဆောင်၍ တနေ့ပတ်လုံးမွေ့လျော်ပါးကြပြီး နေဝင်သောအခါ သဌေးသားတယောက်က ဤပြည့်တန်ဆာမတွင် ငွေတထောင်နှင့် ရွှေလက်ဝတ်တန်ဆာများ ပါရှိသည်။ ဤဥယျာဉ်၌ မည်သူမျှမရှိ၊ ပြည့်တန်ဆာမကို သတ်၍ ရွှေနှင့်ငွေတို့ကို ယူဆောင်ကြရန် တိုင်ပင်၏။

သူငယ်ချင်း လေးဦးလုံး သဘောတူကြ၍ ပြည့်တန်ဆာမကို ထိုးကြိတ် ရိုက်ပုတ်သတ်ဖြတ်ကြစဉ်တွင် ပြည့်တန်ဆာမက သေကာနီး ကာလတွင် ဤသူလေးယောက်တို့ကို ဘီလူးမအဖြစ်နှင့် အကြိမ်များစွာ သတ်နိုင်သည့်ကိုယ်ဖြစ်ရပါလို၏ဟု ဆုတောင်းပြီး သေလေ၏။

ထိုအကုသိုလ်ကံ၏ အကျိုးဆက်ကြောင့် ဘဝပေါင်းများစွာပင် ဘီလူးမကနွားယောင်ဆောင်၍သတ်ခဲ့သဖြင့် ဤသူလေးယောက်သည် သက်တမ်းမကုန်မီ အကြား၌ သေခဲ့ကြရ၏။

တကိုယအကြိမ်

WWW.DHAMMARANSI.COM

# သုပ္ပဗုဒ္ဓ

## လူနူဝတ္ထု



၃/၈

တတိယအကြိမ်

WWW.DHAMMARANSI.COM

# သုပ္ပဗုဒ္ဓ လူနူဝတ္ထု

သတ္တဝါတို့သည် မိမိ၏ မကောင်းမှုကံဟိုကို
ကျင်လည်ခံစားတတ်ကြရ၏။
ထိုသူတို့သည် မိမိသည်ပင် မိမိ၏ ရန်သူများ ဖြစ်ကြ၏။
ကိုယ့်ကိုယ်ကို ဒုက္ခတွေ့အောင် လုပ်ကြ၏။

ဤဒေသနာတော်ကို ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်း၌ သုပ္ပဗုဒ္ဓလူနူကို အကြောင်းပြု၍ ဟောတော်မူ၏။

(ပြည့်တန်ဆာမအား ဖျက်ဆီးသော သဌေးသား လေးယောက်၏ ဘဝကံအကြောင်းကို ဖတ်ရှုပါရန်။)

## ဝတ္ထုကြောင်းကား ဤသို့တည်း

ရာဇဂြိုဟ်ပြည်၌ တောင်းရမ်း စားသောက်ရသော သုပ္ပဗုဒ္ဓ အမည်ရှိ လူနူတယောက်သည် မြတ်စွာဘုရား တရားဟောရာ အရပ်သို့ရောက်၍ လူစုလူဝေးမြင်သဖြင့်တောင်းရမ်းရန်သွား၏၊ ပရိသတ်အစွန်အဖျားမှ ဘုရားသခင်၏အသံတော်ကို ကြည်ညို၍ တရားတော်ကို နာကြားနေ၏။

မြတ်စွာဘုရားသည်သုပ္ပဗုဒ္ဓလူနူ၏ အတိတ်ကံကို မြင်တော်မူ၍ ထိုသူအား ရည်ညွှန်း တရားဟောကြားတော်မူလေရာ၊ ထိုလူနူသည် မိမိကိုပင် တိုက်ရိုက်ဟောကြားသည်ဟု ယူဆကာ ကောင်းစွာ နာကြားသဖြင့် သောတာပတ္တိဖိုလ်သို့ တည်လေ၏။

## ဥစ္စာနှင့်များ ဘိုးသိကြား

သိကြားမင်းသည် သုပ္ပဗုဒ္ဓလူနူ၏ အဖြစ်ကို မြင်၍ စိတ်ကို စုံစမ်းရန် မြတ်စွာဘုရား ကြွရာသို့ ခပ်လှမ်းလှမ်းမှ လိုက်သွားသော လူနူ၏မျက်နှာချင်းဆိုင်ခရီးတွင် ရပ်၍ "အချင်းသုပ္ပဗုဒ္ဓ သင်သည် ဆင်းရဲလှပေသည်၊ ချက်ချင်းချမ်းသာကြွယ်ဝအောင်

တတိယအကြိမ်

WWW.DHAMMARANSI.COM



အတိုင်းအဆ မရှိသော ဥစ္စာ ရတနာတို့ကို ပေးမည်။ သင်သည် ဘုရားကို ဘုရားမဟုတ်၊ တရားကို တရားမဟုတ်၊ သံဃာကို သံဃာမဟုတ်၊ ဘုရားကို အလိုမရှိ၊ တရားကို အလိုမရှိ၊ သံဃာကို အလိုမရှိဟု ကြွေးကြော်လော့''ဟု ပြော၏။

သုပ္ပဗုဒ္ဓက''သင်ဘယ်သူနည်း''ဟု မေး၏။ ငါသိကြားမင်းဟု ဖြေ၏။

အသင်သိကြား မိုက်မဲစွတကား၊ သင်သိကြားနှင့် ငါစကားမပြောလို၊ ငါ့ကို ဆင်းရဲလှသည်ဟု သင်ပြော၏။ ငါသည် ချမ်းသာခြင်း၏အထွတ်အထိပ်ကိုရောက်အောင် ကြွယ်ဝသည်ကို သင်မသိသလော၊ ငါ့တွင် (၁) ရတနာသုံးပါး၌ မြတ်နိုးယုံကြည်သော ''သဒ္ဓါသည်''ကြွယ်ဝ၍ မြောက်မြားစွာရှိ၏။ (၂)သီလဟူသော ဥစ္စာသည် အပြည့်ရှိ၏။ (၃) မကောင်းမှုပြုရန် ရှက်ကြောက်သောဟိရီဟူသောဥစ္စာကိုငါပိုင်ဆိုင်၏။ (၄)မကောင်းမှုကို လန့်တတ်သော ''ဩတ္တပ္ပ'' ဟူသောဥစ္စာကို ငါပိုင်ဆိုင်၏။ (၅) တရားတော်ကို နာကြားရ၍ သုတဟူသော ဥစ္စာကို ငါမြောက်မြားစွာရထား၏။ (၆)ပေးကမ်းစွန့်ကြဲလိုသည့်''စာဂ'' ဟူသောဥစ္စာနှင့် (၇)အမှန်ကို သိတတ်သော ''ပညာ''ဟူသော ဥစ္စာတို့ကို ငါပိုင်ဆိုင်ထားသည်ကို သင်မသိသလော၊ ငါ့တွင် သူတော်ကောင်းဥစ္စာခုနစ်ဖြာတို့သည် ထင်ရှား လက်ရှိရထား၍ ငါသည် ကြွယ်ဝချမ်းသာခြင်း၏ အထွတ်အထိပ်သို့ရောက်နေပြီကို သင်မသိသလော'' ဟု မေး၏။

ထိုစကားကို ကြားရသောအခါ သိကြားမင်းသည် လွန်စွာဝမ်းမြောက်လျက် ရှေကြွသွားနှင့်သော မြတ်စွာဘုရားသခင်ထံ အမီလိုက်၍ လျှောက်ထား၏။

တတိယအကြိမ်

WWW.DHAMMARANSI.COM


သုပ္ပဗုဒ္ဓသည် မြတ်စွာဘုရားသခင်ထံ ရောက်အောင်လိုက်ပြီး ဝမ်းမြောက်ဝမ်းသာ လျှောက်ထား၍ ဘုရားထံမှ အပြန်တွင် ရှေးဘဝရန်ညှိုး ဘီလူးမသည် နွားယောင်ဆောင်၍ သတ်လိုက်လေသတည်း။

သုပ္ပဗုဒ္ဓသေလွန်ရာဝယ် တာဝတိံသာ နတ်ပြည်သို့ ရောက်လေ၏။

ရဟန်းတော်တို့ လျှောက်ထား၍ မြတ်စွာဘုရားက ဤမျှ ရှေးရှေးဘဝအဆက်ဆက်ကဆုတောင်းကောင်းခဲ့ပြီးအထောက် အခံပြည့်စုံပါလျက် လူနူဘဝရောက်ရခြင်းမှာ သဋ္ဌေးသားဘဝ ဥစ္စာမာနဖြင့် အတ္တရသိခိ ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား ပံ့သကူ သင်္ကန်းချုပ်ရိုး အစပ်စပ်နှင့် ကုဋ္ဌနူနာရောဂါသည်နှင့် တူလှတော့သည်ဟု မြည်ဘမ်းဆဲရေး တံတွေးဖြင့် ထွေးခဲ့သောကြောင့် ယခုဘဝတွင် တောင်းရမ်း စားရသော လူနူဘဝသို့ ရောက်ရပေ၏။

နွားမအဝှေ့ခံရပြီး သေဆုံးရခြင်းမှာ သဋ္ဌေးသား လေးယောက် ပြည့်တန်ဆာမကို သတ်သည်၏ အဖြစ်ကို ပြန်လည် ဟောကြားတော်မူပြီးနောက် ဓမ္မဒေသနာတော်ကို ဟောကြားတော်မူသည်မှာ-

(၆၆) စရန္တိ ဗာလာ ဒုမ္မေဓာ၊ အမိတ္တေနေဝ အတ္တနာ။
ကရောန္တာ ပါပကံ ကမ္မံ၊ ယံ ဟောတိ ကဋုကပ္ဖလံ။

(၆၆) အကြင်ကံသည် ခါးစပ်ပူလောင်သောအကျိုးရှိ၏။ ယုတ်မာသော ထိုကံကို ပြုလုပ်သည့်လူမိုက်သည် မိမိသည်ပင် မိမိ၏ ရန်သူဖြစ်၍ ဘဝထိုထို၌ ကျင်လည်ခံစားရ၏။

ဟူ၍ ဟောကြားတော်မူ၏။

(ဓမ္မပဒ ဗာလဝဂ် ခုနစ်ခုမြောက် သုပ္ပဗုဒ္ဓလူနူဝတ္ထုပြီး၏။)

ဒုတိယအကြိမ်

WWW.DHAMMARANSI.COM

# နိဂုံး

လောကီကောင်းကျိုးချမ်းသာ လောကုတ္တရာ ကောင်းကျိုးချမ်းသာတို့ကိုပေးစွမ်းနိုင်သော ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူသော (ဓမ္မပဒ) တရားတော်များနှင့် ဘုရားရှင်လက်ထက်က တကယ့်အဖြစ်အပျက် ဇာတ်ဝတ္ထုတို့ကို တူညီစွာစုပေါင်း၍ အများပြည်သူ အလွယ်တကူ ဖတ်ရှုနိုင်ကြစေရန် စီစဉ်ပြုစုခဲ့ရာ၊ မိမိရည်မှန်းချက် ပြီးစီးအောင်မြင်ခြင်းသို့ရောက်၍ ဝမ်းမြောက် ဝမ်းသာ ဖြစ်ရပါတော့သည်။

ကောဇာသက္ကရာဇ် ၁၃၄၂ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၉၈၀ ပြည့်နှစ်သည် မိမိ ရည်မှန်းသော ကောင်းမှု ကုသိုလ် တရပ်၏ အောင်မြင်သောနှစ်ဟု မှတ်တမ်းပြုအပ်ပါသည်။

ဤ "ဓမ္မပဒ လက်ရွေးစင်များ" ကို ပြုစုရာတွင် မိမိ၏ကိုယ်ကျိုးအတွက် စိုးစဉ်မျှ မရည်ရွယ်၊ ဗုဒ္ဓ၏သာသနာတော် တည်တံ့ ပြန့်ပွားရေးအတွက် မိမိ၏ တလက်ဆွမ်း တယောက်မဖြင့် သာသနာပြုခြင်းဖြစ်ပါသည်။

ယခု အထိ ပြုစုထုတ်ဝေပြီးသောလက်ရွေးစင် ဓမ္မပဒ သက်သာစာစဉ် အမှတ် ၁ မှ ၆ အထိဖြစ်ပါသည်။ ထပ်မံ၍ အမှတ် ၇-၈-၉ တို့ ထွက်ရှိနိုင်ရန် ပြုစုလျက်ရှိပါကြောင်း....

ဤကောင်းမှုကြောင့်၊ သတ္တဝါလေးပါး တရားမြတ်ကို လျင်မြန် ထိုးဖောက် သိမြင်မြောက်ကာ နိဗ္ဗာန်စခန်း လျင်မြန်စွာ လှမ်းတက်နိုင်ပါစေသတည်း။

**ဒုတိယအကြိမ်**

WWW.DHAMMARANSI.COM

**သက်သာစာစဉ် အမှတ်(၁) ဒါနဝတ္ထုများတွင်**

၁။ လယ်စာရင်းငှားဘဝမှ ဒါန်ကြောင့် နေ့ချင်း သဌေးကြီး ဖြစ်သွားသော ပုဏ္ဏဝတ္ထု၊ ၂။ သမီးဥတ္တရာကို ပြည့်တန်ဆာမ သီရိမာက ဆီပူဖြင့် လောင်းသော ဝတ္ထု၊ ၃။ ရဟန်းတော်တပါးနှင့် သီရိမာ ဝတ္ထု၊ ၄။ တွန့်တိုသည့် အာနန္ဒာသဌေးကြီးဝတ္ထု၊ ၅။ မြတ်သောအလှူ အကုံရနတ်သားနှင့် ဣန္ဒက နတ်သားဝတ္ထု၊ ၆။ ဒါနကြောင့် နတ်ပြည်ရောက်ကြသူများဝတ္ထု၊ ၇။ နန္ဒိယသူကြွယ်ဝတ္ထု၊ ၈။ ဣလ္လိသ ဇာတ်ဝတ္ထု၊ ၉။ ခမ္မိက ဥပါသကာ နတ်ပြည်က လာခေါ်သော ဝတ္ထု ၉-ပုဒ်။

**သက်သာစာစဉ် အမှတ် (၂) အံ့မခန်း အလှူတော်ကြီးများတွင်**

၁။ ဇောတိက သဌေးကြီး၊ ဇဋိလ သဌေးကြီး၊ မေဏ္ဍက သဌေးနှင့် ဆုတူးပန်ဆင်သူ ငါးဦး၊ ကာကဝလ္လိယဝတ္ထု၊ အံ့သြဖွယ်ရာ သုမနပန်းသည်အလှူ ဝတ္ထု ၉-ပုဒ်၊ ရှေးဘဝ အတိတ် ဝတ္ထုများနှင့် ရဟန္တာ ဖြစ်ကြသည်အထိ ပါရှိပါသည်။

**သက်သာစာစဉ် အမှတ် (၃) ကျောင်းအမကြီး ဝိသာခါတွင်**

ကျောင်းအမကြီး ဝိသာခါ အမျိုးသမီး များ မှတ်သားစရာဝတ္ထု၊ အရှင်ကုမာရကဿပ မယ်တော်ဝတ္ထု၊ နိဂြောဓ သမင်မင်းဝတ္ထု၊ ကုမာရကဿပ ရဟန္တာဖြစ်ဝတ္ထု၊ အရှင်ဒဗ္ဗမထေရ် ဝတ္ထု၊ အရှင်ဗာဟိရ ဝတ္ထု၊ ပုက္ကုသာတိမင်းကြီး၏ လုံ့လဝီရိယဝတ္ထု၊ ဘဝ ဝဋ်ကြွေး ပြေးမလွတ်သူများ ဝတ္ထု၊ သိကြားမင်းစည်းစိမ်နှင့် မလဲသော သုပ္ပဗုဒ္ဓလူနူ စသည်ဖြင့် ဝတ္ထု ၉-ပုဒ် ပါရှိပါသည်။

ဣတိယအကြိမ်

WWW.DHAMMARANSI.COM

**သက်သာစာစဉ် အမှတ်(၄) သာမဏေကျော်များ ဝတ္ထုတွင်**

"ခုနစ်နှစ်သားနှင့် ရဟန္တာဖြစ်ကြသော သာမဏေကျော်များ၏ အံ့ဩဖွယ်ရာ တန်ခိုးတော်များ - ၁။ တိဿ သာမဏေ၊ ၂။ ပဏ္ဍိတသာမဏေ၊ ၃။ သံကိစ္စသာမဏေ၊ ၄။ သုခသာမဏေ။ ၅။ သုမနသာမဏေ၊ ၆။ သာနုသာမဏေ၊ ၇။ ဓေဝဒတ်ရ ရှင်ရေဝတ၊ ၈။ ရှင်သီဝလိ ဝတ္ထုနှင့် သာမဏေကျော် ၄-ပါး ဝတ္ထု ၉-ပုဒ်။

**သက်သာစာစဉ် အမှတ်(၅) စိတ်ဝတ္ထုများတွင်**

စိတ်တခုနိုင်၍ တရားပိုင် နိဗ္ဗာန်ပေါက်ကြသော ပုဂ္ဂိုလ်များ အကြောင်း စက္ခုပါလမထေရ်ဝတ္ထု၊ မဋ္ဌကုဏ္ဍလီနတ်သား ဝတ္ထု၊ မာတိကာမာတာဝတ္ထု၊ ကုဒ္ဒါလ ပဏ္ဍိတ ဇာတ်၊ ရှင်ကစ္စည်းကိုပြစ်မှားသော သောရေယျ သဋ္ဌေးသားဝတ္ထု၊ ကေသာဋ္ဌက ပုဏ္ဏားဝတ္ထု စသည် ဝတ္ထု ၉-ပုဒ်။

**သက်သာစာစဉ် အမှတ်(၆) ဒေါသမာနဝတ္ထုများတွင်**

ဒေါသနှင့် မာနကြောင့် ဒုက္ခရောက်ကြရသော ဝတ္ထုများ၊ ကောသမ္ဗီရဟန်းများ ဝတ္ထု၊ ပလလဲဆာင်မင်း၊ ဒီဃာဝုသတို့သား၊ တိဿရဟန်း၊ ဒေါသချုပ်တည်း နတ်သမီး၊ ဆွေတော် မျိုးတော်တို့ ရေလုသော ဝတ္ထု၊ ဝိဋူဋဘဝတ္ထုရှည်၊ ဗန္ဓုလ စစ်သူကြီးနှင့် မလ္လိကာ မိဖုရား ဝတ္ထု စသည်ဖြင့် စိတ်ဝင်စားဖွယ်ရာ ဝတ္ထု ၉-ပုဒ် ပါရှိပါသည်။

**ကြိုက်ရာရွေးချယ်၍ ဖတ်ရှုတော်မူကြပါ။**

**အမြို့မြို့ စာအုပ်ဆိုင်များမှာ ရပါလိမ့်မည်။**

ဒုတိယအကြိမ်

WWW.DHAMMARANSI.COM


တခါဝယ်ထား၊ သားစဉ်မြေးဆက်ဖတ်ရသည့်၊

ခေတ်မီဓမ္မပဒဝတ္ထုတော်ကြီး (အစမှအဆုံးထိ)

(ပထမတွဲမှပဉ္စမတွဲ) ငါးတွဲနှင့်အပြီး တတွဲ ၁၀/-

"လက်ရွေးစင် ဓမ္မပဒ" ၁ မှ ၆ အထိ တအုပ် ၃ ကျပ်

လူကြီးများဖတ်ရန်ပုံပြင်များ (အတွင်းပုံများဖြင့်)

| | |
|---|---|
| သင်္ဂဇာဆရာတော် ဥပမာပုံပြင်ဝတ္ထုများ | ၆ ကျပ် |
| ဗန်းမော်ဆရာတော် ဟာသပုံပြင်ဝတ္ထုများ | ၆ ကျပ် |
| ဦးပေါ်ဦးလျှောက်ထုံး ပထမတွဲ ဒုတိယတွဲ | ၆ ကျပ် |
| စကားတောင်စား လေက်တို ညှို | ၆ ကျပ် |
| ခုံတော်မောင်ကျဘမ်းစကားစစ်ထိုးခန်း | ၆ ကျပ် |

အင်္ဂလိပ်ဆေး မြန်မာဆေးနှင့် အိမ်တွင်းမှု

| | |
|---|---|
| ဦးသိန်းထွန်းမြင့် အိမ်တွင်းဆရာဝန် (ပထမတွဲ) | ၃၀ ကျပ် |
| ။ ဘီ၊ ပီ၊ အိုင်၊ နိုင်ငံခြားဆေးသုံးစွဲနည်း | ၁၅ ကျပ် |
| ။ ရုပ်ပြရွှေဦးသူနာပြုစုနည်း | ၈ ကျပ် |
| ဦးလှခင်၏ မီးဖိုချောင်မှဆေးစွမ်းကောင်းများ ပ-၃ | ၆ ကျပ်စီ |
| ဦးကြီးပုချက်နည်းပြုတ်နည်း ၅၀၀ | ၂၀ ကျပ် |
| ဒေါ်စိန်စိန်မုန့်လုပ်နည်းမျိုးစုံ | ၆ ကျပ် |
| ထိပ်တင်ထွဋ် ၁၄ ရက်အတွင်း အရပ်ရှည်နည်း | ၄ ကျပ် |
| ။ ကျားမ၊ ကိုယ်အလှ ၆လ လေ့ကျင့်စဉ် | ၆ ကျပ် |
| ကိုင်ရို၏အဆင့်မြင့်လက္ခဏာ (၁) ၁၅ကျပ်။ အမှတ် ၂-၂၀ | ကျပ် |
| ခေတ်ဟောင်းတေးများ မောင်တင်ထွေး | ၁၅ ကျပ် |
| ရွှေနန်းသုံး မဟာဂီတပေါင်းချုပ် | ၃၀ ကျပ် |
| ခေတ်ပေါ် ရှပ်အင်္ကျီချုပ်နည်းများ။ ဦးမျိုးလွင် | ၂၀ ကျပ် |
| တက္ကသိုလ်မြင့်နိုင်၊ ကလေးသူငယ် ဥပဒေများ | ၆ ကျပ် |
| ။ ။ အမျိုးသမီး ဥပဒေများ | ၁၀ ကျပ် |